မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ကာမဂုဏ်ကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၃၅၅)

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျိုကျိုးမြို့ရှိ တုန်ဖုန်းမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံနှင့် ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

နန်နင်း စက်တင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် လျိုကျိုး (Liu Zhou) မြို့သို့ သွားရောက်ပြီး တုန်ဖုန်းမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံနှင့် ဝူလင်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန်နံနက် ၉ နာရီ ၃၅ မိနစ်တွင် မြန်နှုန်းမြင့်ရထားဖြင့် နန်နင်းမြို့မှ လျိုကျိုးမြို့သို့ ရောက်ရှိရာဒုတိယမြို့တော်ဝန် Mr. Jiao Yaoguang နှင့် တာဝန်ရှိသူများက လျိုကျိုးဘူတာ၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင် များသည် မော်တော်ယာဉ်များဖြင့် တုန်ဖုန်းလျိုကျိုးမော်တော်ကား (Dongfeng Liuzhou Motor) ကုမ္ပဏီ လီမိတက်၏ တုန်ဖုန်းမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ တုန်ဖုန်းကုမ္ပဏီ ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Xuan Yin နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တုန်ဖုန်းမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၌ ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းများအသုံးပြု၍ လုပ်ငန်းသုံးမော်တော်ယာဉ် အမျိုးမျိုး တပ်ဆင်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများနှင့် တုန်ဖုန်းမော်တော်ယာဉ် *စာမျက်နှာ ၃ ကော်လံ ၁* ❖

လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ လျိုကျိုးမြို့ရှိ တုန်ဖုန်းမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတွင် လုပ်ငန်းသုံး မော်တော်ယာဉ် အမျိုးမျိုး တပ်ဆင် ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

မြန်မာ့အလင်း

လူငယ်နှင့် ပြည်ပအလုပ်အကိုင်

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၃၃၀၀၀ ကျော် ရှိခဲ့ပြီး ပြည်တွင်း၌လည်း အစိုးရအလုပ်အကိုင်များတွင် ၆၁၆ ဦး၊ ပုဂ္ဂလိကအလုပ်များတွင် ၂၈၃၆၆ ဦး စုစုပေါင်း ၂၈၉၈၂ ဦးတို့ကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။ ပြည်ပအလုပ်အကိုင်များဟု ဆိုရာတွင် မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ ဂျပန်၊ ယူအေအီး၊ ဂျော်ဒန်၊ ကာတာနိုင်ငံများသို့ တရားဝင်စေလွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းပြည်ပအလုပ်အကိုင်များတွင် အလုပ်ရရှိရေးအတွက် လိုအပ်သည့် အရည်အချင်းသတ်မှတ်ချက်များ၊ ကျွမ်းကျင်မှုများနှင့် အခြားလိုအပ်ချက်များကို ကြိုတင်ဖြည့်ဆည်းထားခြင်းအားဖြင့် အလုပ်အကိုင်ရရှိရေးဆိုသည်မှာ အလှမ်းမဝေးဟု ဆိုချင်သည်။ လက်ရှိအခြေအနေတွင် မြန်မာလူငယ်များအနေဖြင့် ပြည်တွင်းအလုပ်အကိုင်များထက် ပြည်ပအလုပ်အကိုင်များကို ပို၍စိတ်ဝင်စားကြသည်ကို တွေ့ရသည်။ အဓိကအချက်မှာ ပြည်ပအလုပ်အကိုင်များ၏ လုပ်ခလစာပိုမိုများပြားမှုကြောင့်ဖြစ်ပြီး လုပ်ခလစာ၏ ဆွဲဆောင်မှုကြောင့် ပြည်ပသို့ ထွက်ခွာလိုသူများ အများအပြားရှိနေရခြင်းဖြစ်သည်။ တစ်နိုင်ငံမှ အခြားနိုင်ငံသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြခြင်းမှာ တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေပြီး ယင်းသို့ ရွှေ့ပြောင်းအလုပ်သမားများကြောင့် အလုပ်သမားစေလွှတ်သည့် နိုင်ငံများတွင်ရော အလုပ်သမားလက်ခံသည့် နိုင်ငံများတွင်ပါ နှစ်ဖက်အကျိုးဖြစ်ထွန်းရသည်။ ကာယကံရှင် ရွှေ့ပြောင်းအလုပ်သမားအဖို့လည်း ဝင်ငွေကောင်းမွန်စွာရရှိခြင်းကြောင့် မိသားစု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေသည့် အကျိုးကို ခံစားကြရသည်။

သို့ရာတွင် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ကြရာတွင် တရားမဝင်နည်းလမ်းများဖြင့် သွားရောက်မှုများ၊ ကြားပွဲစားများ၏ နည်းပေါင်းစုံဖြင့် ဆွဲဆောင်စည်းရုံးမှုများကို နားယောင်၍ အောက်လမ်းခေါ် တရားမဝင်နည်းလမ်းဖြင့် ပြည်ပသို့ ထွက်ခွာကြရာမှ အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ရမှုများ၊ ဘဝပျက်ရသည့် အခြေအနေသို့ ရောက်ရှိသွားကြသည်များကိုလည်း မကြာခဏ ကြားသိနေရသည်။ လူကုန်ကူးသည့် ကြားပွဲစားများ၏ လိမ်လည်လှည့်ဖြားမှု၊ အမြတ်ထုတ်မှုများကို ခံကြရသူအများစုမှာ အခြေခံအားဖြင့် ဗဟုသုတနည်းပါးသူများဖြစ်ပြီး အလွယ်တကူလိမ်လည်လှည့်ဖြားကာ ဗိုလ်ကျခံကြရခြင်းဖြစ်သည်။ ကြားပွဲစားမှတစ်ဆင့် တရားမဝင် သွားရောက်လုပ်ကိုင်ကြခြင်းကြောင့် အလုပ်ရှင် သူဌေးများ၏ ညှဉ်းပန်းနှိပ်စက်မှုကို ခံကြရသည်။ အချို့လည်း မိမိတို့၏လုပ်ခလစာများကို အပြည့်အဝမရရှိဘဲ ထိမ်ချန်ထားခြင်း၊ ထိန်းချုပ်ထားခြင်းတို့နှင့် ကြုံတွေ့ကြရပြီး အထောက်အထားမဲ့ ဝင်ရောက်လာကြခြင်းကြောင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်း၊ အကူအညီတောင်းခံခြင်းတို့ ပြုလုပ်ရန် ခက်ခဲကြရသည်။

ရေခြားမြေခြားတိုင်းတစ်ပါးကို ရောက်ရှိနေချိန်တွင် မိတ်ရင်းဆွေရင်းနှင့်တစ်ခါတစ်ရံ ဆွေမျိုးများသည်ပင်လျှင် မယုံကြည်ရတော့သည်ကိုလည်း သတင်းများတွင် မကြာခဏ တွေ့ရသည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် ထုတ်ဝေသည့် အသိပညာပေးလမ်းညွှန်စာအုပ်တစ်အုပ်တွင် "သင်၏သူငယ်ချင်းများထဲမှတစ်ယောက်ယောက်က သင့်အားသက်သောင့်သက်သာလည်းရှိပြီး လစာကောင်းကောင်းရနိုင်သော အလုပ်တစ်ခုရှာပေးမည်ဟု ကတိများပေးထားသော်လည်း ၎င်းသူတို့သည် သင့်အားလိမ်လည်လှည့်စားနိုင်ပါသေးသည်" ဟူ၍ သတိပေးထားသည်ကို တွေ့ရသည်။ ယုံကြည်စိတ်ချရသော သူငယ်ချင်းများက ကျူးလွန်ခဲ့သည့် ပြစ်မှုများစွာ ရှေ့တွင်သာဓကများရှိထားခြင်းကြောင့်သာ ယင်းသတိပေးချက်ကို ဖော်ပြထားခြင်းဟု ဆိုရမည်။ သူငယ်ချင်းပင် မယုံရလျှင် သူစိမ်းများသည်ကား ဆိုဖွယ်ရာပင် မရှိတော့။

ပြည်ပသို့ အလုပ်အကိုင်ရှာဖွေစေလွှတ်ပေးနိုင်သည့် တရားဝင် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ ၁၈၀ ခန့်ရှိသည်။ ပြည်ပအလုပ်အကိုင်သွားရောက်လုပ်ကိုင်လိုသူများမှာ နီးစပ်ရာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ တရားဝင်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ကိုယ်တိုင်သွားရောက်ဆက်သွယ်ကြရန်သာဖြစ်ပြီး မိမိ အိမ်တံခါးရှေ့အရောက်လာကာ လိမ်လည်လှည့်ဖြား အမြတ်ထုတ်ကြမည့် လူပွဲစားများကို ရှောင်ကြဉ်ကြရန်နှင့် အလုပ်လုပ်လိုသူတိုင်းက မိမိကိုယ်ကိုယ် အရည်အချင်းပြည့်မီအောင် ဖြည့်ဆည်းကြခြင်းသည်သာ မှန်ကန်သော နည်းလမ်းဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး Mr. Kerem Divanlioglu အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တူရကီနိုင်ငံတို့ ဆောင်ရွက်လျက်ရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံအကြား သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍတို့၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UNHCR ဌာနေကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဌာနေကိုယ်စားလှယ် Mr. Johan Cels နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး Mr. Kerem Divanlioglu တို့အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

UNHCR ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှု ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားသို့ မြန်မာနိုင်ငံမှအဆင့်မြင့်အရာရှိများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ သွားရောက်ခဲ့ပြီးနောက် သတင်းအချက်အလက် ဝေမျှမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ UNHCR နှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပမည့် အကြိမ် (၇၀) မြောက် Excom အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်၍ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့် တွေ့ဆုံဆွေးနွေးမည့် အခြေအနေများကို ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်နေမှု၊ အာဆီယံနိုင်ငံများမှ ပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ငန်းစီမံချက်များဖြင့် စီစဉ်ဆောင်ရွက်နေမှု၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို အတည်ပြုပြီးဖြစ်၍ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များ ဆက်လက်ရေးဆွဲဆောင်ရွက်နေမှု၊ တူရကီနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

ယူနီကုဒ်ဆိုတာ ဘာလဲ

➢ ယူနီကုဒ်ဆိုသည်မှာ တိုင်းရင်းသား ဘာသာစကားများအပါအဝင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအများစုကို ကွန်ပျူတာစနစ်အားလုံးတွင် ရေးသားဖတ်ရှုနိုင်ရန်၊ အပြန်အလှန် တွဲဖက်အသုံးပြုနိုင်ရန်နှင့် အခြားအဆင့်မြင့် ဗွမ်းဆောင်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတ်မှတ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်း တစ်ခုဖြစ်ပါသည်။

➢ မြန်မာယူနီကုဒ်စနစ်သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း(ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး မြန်မာစာရေးထုံးနှင့်လည်း ကိုက်ညီသည့် စနစ်တစ်ခုဖြစ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

➢ မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း၊

➢ အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နဲ့ ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း၊

➢ အသံစနစ်မှ အက္ခရာစာလုံးစနစ် (Voice to Text) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မိုး/ဇလ

❖ *ရှေ့ဖုံးမှ*

ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်ထားသည့်လုပ်ငန်းသုံး မော်တော်ယာဉ်အမျိုးမျိုးကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက မော်တော်ယာဉ်ထုတ်လုပ်မှုအဆင့်ဆင့်၊ စံချိန်စံညွှန်း၊ အရည်အသွေး၊ ကြံ့ခိုင်မှု၊ လုံခြုံမှု၊ တန်ဖိုးနှင့် ဈေးကွက်အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် တုန်ဖုန်းမော်တော်ယာဉ်ငယ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ တုန်ဖုန်းကုမ္ပဏီ ဒုတိယအထွေထွေမန်နေဂျာ Mr.Yao Liwen နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တုန်ဖုန်းမော်တော်ယာဉ်ငယ်ထုတ်လုပ်ရေးစက်ရုံ၌ ခေတ်မီနည်းပညာနှင့် စက်ပစ္စည်းများအသုံးပြု၍ မော်တော်ယာဉ်ငယ်အမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်အမျိုးမျိုးကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယ သမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့သည် လျိုကျိုးမြို့တော်ဝန် Mr.Wu Wei က လျန်ဟွာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လျိုကျိုးမြို့ရှိ SAIC GM Wu Ling Automobile ကုမ္ပဏီလီမိတက်၏ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ ဝူလင်ကုမ္ပဏီ ကွန်မြူနစ်ပါတီအတွင်းရေးမှူးနှင့် ဒုတိယအထွေထွေမန်နေဂျာ Mr. Yao Zuoping နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဈေးကွက်အခြေအနေများရှင်းလင်းပြသ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၌ ခေတ်မီနှစ်ယောက်စီး လျှပ်စစ်မော်တော်ယာဉ်ငယ်များ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုပြီး သိလိုသည်များကိုမေးမြန်းရာ ဝူလင်ကုမ္ပဏီ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးနှင့် ဒုတိယအထွေထွေမန်နေဂျာ Mr. Yao Zuoping နှင့် တာဝန်ရှိသူများက နှစ်ယောက်စီး လျှပ်စစ်မော်တော်ယာဉ်ငယ်များ ထုတ်လုပ်မှုအဆင့်ဆင့်၊ စံချိန်စံညွှန်း၊ အရည်အသွေး၊ ကြံ့ခိုင်မှု၊ လုံခြုံမှု၊ တန်ဖိုးနှင့် ဈေးကွက်အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြန်နှုန်းမြင့်ရထားဖြင့် လျိုကျိုးမြို့မှ နန်နင်းမြို့သို့ ပြန်လည်ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ လိယွမ်အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Chen Wu နှင့် တာဝန်ရှိသူများအား ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် လိယွမ်အစိုးရဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ လျိုကျိုးမြို့ရှိ ဝူလင်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သည့် ခေတ်မီနှစ်ယောက်စီး လျှပ်စစ်မော်တော်ယာဉ်ငယ်များအား ကြည့်ရှုစဉ်။ သတင်းစဉ်

ဒုတိယသမ္မတ ဦးမြင့်ဆွေ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Chen Wu အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၉

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကို စက်တင်ဘာ ၁၈ ရက်ညနေ ၄ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ရောဝတီတိုင်းဒေသကြီးအတွင်း လူကုန်ကူးမှုလျော့နည်းကျဆင်းရေးအတွက် အဆင့်ဆင့်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ရွာစသည့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး လူကုန်ကူးမှုနှင့်ပတ်သက်သည့် သတင်းများကိုပြည်သူများက ဆက်သွယ်ပေးပို့နိုင်မည့် နည်းလမ်းရှိရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ချက်များအားလုံး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးကို လစဉ်ပုံမှန်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နေ့ (India Technical and Economic Cooperation - ITEC Day) အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူမား၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ITEC အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ၌ သင်တန်း တက်ရောက်ခဲ့ကြသည့် သင်တန်းသားသင်တန်းသူများ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူမားတို့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ထို့နောက် ITEC အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့ကြသူများက ITEC ဆိုင်ရာအချက်အလက်များနှင့် သင်တန်းဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ မွေးနေ့ ကာလအထိမ်းအမှတ် Vaishnav Jan To သီချင်းဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr. V K Talwar က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ညစာကိုအတူတကွသုံးဆောင်ကြသည်။

India Technical and Economic Cooperation- ITEC အစီအစဉ်ကို ၁၉၆၄ ခုနှစ်တွင် စတင်ခဲ့ပြီး အဆိုပါအစီအစဉ်တွင် ပုံမှန်သင်တန်းများအပြင် အထူးသင်တန်းများလည်း ပါဝင်ကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူများကို ဘာသာရပ်များအလိုက် နှစ်စဉ်ပညာတော်သင်ဆုများ ပေးအပ်လျက်ရှိကြောင်း၊ e-ITEC သင်တန်းကဲ့သို့သော အင်တာနက်အသုံးပြုသည့် အဆင့်မြင့်နည်းပညာနှင့် ပတ်သက်သည့် သင်တန်းသစ်များကိုလည်း မိတ်ဆက်သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ပညာရေးအရာရှိများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ပညာရေးအရာရှိများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှိုင်ရယ်နေပြည်တော်ဟိုတယ်၌ ကျင်းပသည်။

ဦးဆောင်မှုစွမ်းရည်မြှင့်တင်ရေး

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းများ၏ ဘက်စုံအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည်အပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ထိရောက်သော ဦးဆောင်မှုများသည် ကျောင်းများ အရည်အသွေး တိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ကျောင်းစီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုစွမ်းရည်မြှင့်တင်ရေးကို လုပ်ငန်းအစီအစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၏ပညာရေးဝန်ကြီးများအဖွဲ့ ၊ ပညာရေး ဆန်းသစ်တီထွင်မှုနှင့် နည်းပညာအတွက် ဒေသဆိုင်ရာဗဟိုဌာန (SEAMEO- INNOTECH)က အရှေ့တောင်အာရှရှိ ကျောင်းအုပ်ကြီးများအတွက် တတ်ကျွမ်းမှု အညွှန်းဘောင်တစ်ရပ်ကို အတည်ပြုခဲ့ပါကြောင်း၊ အာဆီယံဒေသအတွင်းရှိ စွမ်းဆောင်ရည် မြင့်မားသော ကျောင်းအုပ်ကြီးများတွင် ရှိသင့်ရှိထိုက်သည့် ကျွမ်းကျင်မှုများနှင့် ပင်ကိုအရည်အသွေးများကို ဖော်ထုတ်သတ်မှတ်ထားခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျောင်းအုပ်ကြီးများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ မရှိသေးသည့်အတွက် အာဆီယံနှုန်းများနှင့် ချိန်ထိုးကြည့်လျှင် ကွာဟချက်တစ်ခုလည်း ဖြစ်နေပြီး ဖြည့်ဆည်းရန် လိုအပ်ချက်ရှိနေပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ပညာရေးအရာရှိများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်မိတ်ဆက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အသုံးပြုနိုင်မည့်မူဘောင်တစ်ခုဖြစ်

အညွှန်းဘောင်များ ရေးဆွဲပြုစုခြင်းသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေး ဝန်ထမ်းများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ ထားရှိဆောင်ရွက်ရန် ပထမဦးဆုံးခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ အညွှန်းဘောင်များကို အဓိကအားဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ ရေးဆွဲရန်အတွက် အသုံးပြုမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင်သင့်လျော်သည့် တာဝန်ခံမှုဆိုင်ရာနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ ရှိလာသောအခါ ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်မှုကိုလေ့လာကြီးကြပ် စစ်ဆေးအကဲဖြတ်ရန် အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ အညွှန်းဘောင်သည် အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ပညာရေးအရာရှိများအတွက် လိုအပ်သော တတ်ကျွမ်းမှုစံနှုန်းများနှင့်အညီ စွမ်းဆောင်ရည်ပြည့်ဝစေရေးအတွက် သင့်လျော်သောအစီအစဉ်များ ချမှတ်ဖော်ဆောင်နိုင်ရေးအတွက် အသုံးပြုနိုင်မည့်မူဘောင်တစ်ခုလည်း ဖြစ်ပါကြောင်း။

ပညာရေးစီမံခန့်ခွဲသူများအနေဖြင့် မိမိတို့၏ အတတ်ပညာဆိုင်ရာ အလေ့အထများကို တိုးတက်ကောင်းမွန်စေရန် အားထုတ်လုပ်ဆောင်ရာတွင် ပံ့ပိုးပေးမည့် စာတမ်းတစ်စောင် ဖြည့်ဆည်းပေးခြင်းဖြင့် ပညာရေးစီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ပေးရန် စသောရည်ရွယ်ချက်များဖြင့် ပြုစုထားပါကြောင်း။

ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ သင်ကြားသင်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပင်ကိုအရည်အသွေး ထက်မြက်မှုဟူ၍ ကျွမ်းကျင်မှုနယ်ပယ်အားဖြင့် နယ်ပယ် (၅)ရပ် သတ်မှတ်ထားပါကြောင်း၊ အဆိုပါနယ်ပယ်(၅)ခုတွင် ကျောင်းအုပ်ကြီးများနှင့် ပညာရေးအရာရှိများ၏ စွမ်းဆောင်မှု အရည်အသွေးများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် UNICEF ဌာနေကိုယ်စားလှယ် Ms.June Kunugi က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အညွှန်းဘောင်စာအုပ်များကို UNICEF ဌာနေကိုယ်စားလှယ် Ms.June Kunugi က ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ပညာရေးအရာရှိများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ နောက်ခံအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းက အညွှန်းဘောင်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသားပညာရေးအဆင့်အတန်း အကဲဖြတ်ရေးကော်မတီမှတာဝန်ရှိသူများ၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ အညွှန်းဘောင် ရေးဆွဲပြုစုရေးအဖွဲ့ဝင်များ၊ ဆရာသမဂ္ဂကိုယ်စားလှယ်များ၊ ကိုယ်ပိုင်ကျောင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သတင်းစဉ်

အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်၊ တန်ဆောင်တိုင် စသည့်ပွဲတော်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေအား သိရှိစေရန်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ(မူကြမ်း) ရေးဆွဲနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။
သတင်းစဉ်

ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပိုမိုသိရှိနိုင်ရေး အသိပညာပေးခြင်းနှင့်အတူ တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို စစ်တမ်းကောက်ယူခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးကို ၂၀၁၇ ခုနှစ်ကစပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားရေးရာ ကိစ္စရပ်များ အကောင်အထည်ဖော်ရန် လမ်းပြမြေပုံဖြစ်လာမည့် မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေး၊ အဆိုပါ မဟာဗျူဟာနှင့်အတူ နှစ်အလိုက် အကောင်အထည်ဖော်မည့် Action Plans လုပ်ငန်းစီမံချက်များ ဖော်ထုတ်ရေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် မတူကွဲပြားခြားနားသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် အတူတကွ စုစည်းနေထိုင်ကြသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများသည် တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိခံစားရန် လိုအပ်ပါကြောင်း၊ မဟာဗျူဟာပါ ဦးစားပေးလုပ်ငန်းများကို နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်နှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ဖွံ့ဖြိုးမှုကွာဟမှုရှိသည်ဟု ခံစားရမှုများ လျော့ပါးစေပြီး ရင်ဆိုင်နေရဆဲဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံး အဆုံးသတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအဖြစ် တည်ထောင်နိုင်ရန် အလားအလာကောင်းများ ဖန်တီးတည်ဆောက်ရာတွင် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားရေးရာ အခြေခံအချက်များ စစ်တမ်းကောက်ယူခြင်းမှ ရလဒ်များအပေါ်အခြေခံ၍ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ(မူကြမ်း)ရေးဆွဲရာ၌ ပါဝင်သင့်သော လုပ်ငန်းများပြည့်စုံနိုင်ရေး အကြံပြုညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက ညှိနှိုင်းဆွေးနွေးမှုမှ ရလာသော Out Come များ၊ တိုင်းရင်းသားများ၏ ဆုံးဖြတ်ချက်များကို မှတ်တမ်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို နည်းဥပဒေဖြင့်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ ဦးစီးမှူးများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ (ရန်ကုန်) ဖွံ့ဖြိုးရေးအတွက် National Ethnic ကို အခြေခံသော လမ်းကြောင်းအတိုင်း စနစ်တကျ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပွဲတော်များကို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေး နိုင်ငံတော်၏ လိုအပ်ချက်အတိုင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ အခြေခံအချက်များ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ စီမံချက် စစ်တမ်းရလဒ် အစီရင်ခံစာနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ(ကနဦးမူကြမ်း)တို့ကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဦးစားပေးလုပ်ငန်းနယ်ပယ်များအလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များအား နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး "မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ" ကို ကနဦးရေးဆွဲအတည်ပြုနိုင်မည်ဖြစ်ကာ အနာဂတ်ကာလတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ တွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များမှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်နှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီမှ ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီမှ ကော်မတီဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❊ ကျောဖုံးမှ

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာအစိုးရသည် အားလုံးပါဝင်သည့် အလုံးစုံချဉ်းကပ်မှုပုံစံမျိုးဖြင့် ဆောင်ရွက်နေကြောင်း၊ နေရပ်စွန့်ခွာမှု ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ နယ်ခြားစောင့်ရဲစခန်း ၃၀ ကို အာဆာအကြမ်းဖက်များ တိုက်ခိုက်မှုနှင့် အပြစ်မဲ့ပြည်သူများအပေါ် ရက်ရက်စက်စက် ကျူးလွန်မှုများနှင့် ခြိမ်းခြောက်မှုများကြောင့်ဖြစ်ကြောင်း၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကော့ခ်ဘဇားသို့ သုံးကြိမ်သွားရောက်ခဲ့ပြီး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်စတင်နိုင်ရေး သုံးကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့ကြောင်း၊ စခန်းများ၌ အာဆာ၏ ခြိမ်းခြောက်မှုများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့တို့၏ ဟန့်တားမှုတို့က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေကြောင်း၊ နေရပ်စွန့်ခွာသူများ၏ အတိဒုက္ခကို နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးချနေကြောင်း၊ သို့ဖြစ်၍ နေရပ်စွန့်ခွာသူများ ကြောက်ရွံ့မှု၊ လွှမ်းမိုးချုပ်ကိုင်မှုကင်းစွာဖြင့် အမှန်တရားကို ထုတ်ဖော်ပြောကြားနိုင်ရေးအတွက် စခန်းများ၌လည်း သင့်လျော်သည့်ပတ်ဝန်းကျင် ဖန်တီးပေးရေးသည် အရေးကြီးကြောင်း အလေးအနက် ပြောကြားခဲ့သည်။

နိုင်ငံတကာတရားစီရင်မှုခံယူရေးအတွက် ကြိုးပမ်းနေ

မြန်မာနိုင်ငံသည် တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် "ကိုင်တွယ်ဖြေရှင်းရန်ဆန္ဒ"ရှိသကဲ့သို့ "ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း" လည်းရှိကြောင်း၊ နိုင်ငံတကာတရားစီရင်မှုခံယူရေးအတွက် ကြိုးပမ်းနေခြင်းနှင့် မည်သည့်ယန္တရားမျိုးကိုမဆို ကန့်ကွက်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မစ္စယန်ဟီးလီ၏ သမာသမတ်မကျမှု၊ ဓမ္မဓိဋ္ဌာန်မကျမှုနှင့် ကောင်းမွန်သော စိတ်ရင်းစေတနာမရှိမှုတို့ကြောင့် သူမအား လွှတ်တော်၌ တညီတညွတ်တည်း ရှုတ်ချခဲ့ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် သင့်လျော်သည့် ကုလသမဂ္ဂယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။ လူ့အခွင့်အရေးခေါင်းစဉ်တပ်၍ အပြုသဘောမဆောင်သည့် ချဉ်းကပ်မှုများ၊ ခွဲခြားပြုမူမှုများ၊ ဒဏ်ခတ်အရေးယူမှုများနှင့် လွန်ကဲသည့် ဖိအားပေးမှုများသည် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် ပြောင်းလဲမှုများကို လှုံ့ဆော်ပေးနိုင်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးအတွက် ကြိုးပမ်းမှုများတွင် မြန်မာဒီမိုကရေစီအစိုးရအား အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးမှုများပေးရန် နိုင်ငံတကာအသိုက်အဝန်းကို မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က FFM ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ တုံ့ပြန်ပြောကြားရာတွင် မြန်မာအစိုးရ၊ ကုန်သည်ကြီးများအသင်း၊ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ UEHRD နှင့် ပုဂ္ဂလိကကုမ္ပဏီများအပါအဝင် မြန်မာတစ်နိုင်ငံလုံးက FFM ၏အစီရင်ခံစာနှင့် ၎င်း၏ အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအား ကန့်ကွက်ကြောင်းနှင့် ယင်းအစီရင်ခံစာအား ဒါရှုစမန်အစီရင်ခံစာဟု အလွယ်တကူခေါ်ဝေါ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် FFM စတင်ဖွဲ့စည်းစဉ်ကတည်းက ပြင်းထန်စွာကန့်ကွက်ကြောင်း၊ ၎င်း၏ ဓမ္မဓိဋ္ဌာန်မကျသည့် အစီရင်ခံစာ၊ မမှန်ကန်သည့် ကောက်ချက်ချမှုများနှင့် အကြံပြုချက်များကိုလည်း ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ FFM ၏ ဆင့်ပွားဖြစ်သည့် IIM ဖွဲ့စည်းဆောင်ရွက်မှုကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံအပေါ် သီးသန့်ခွဲခြားဆက်ဆံ စောင့်ကြည့်စစ်ဆေးခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဓမ္မဓိဋ္ဌာန်မကျသည့် ရပ်တည်ချက်

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကာလကြာရှည် ရုန်းကန်ခဲ့ရချိန်များတွင် ကုလသမဂ္ဂဘက်မှ တစိုက်မတ်မတ် ရပ်တည်ခဲ့သည့် မြန်မာပြည်သူများသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် ဓမ္မဓိဋ္ဌာန်မကျသည့် ရပ်တည်ချက်ကြောင့် စိတ်ပျက်လျက်ရှိကြောင်း၊ FFM ၏ လုပ်ငန်းများသည် လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂစနစ်တစ်ခုလုံးကို မကောင်းသည့်ပုံရိပ် ထင်ဟပ်မှုမဖြစ်စေသင့်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း

ထို့ပြင် FFM က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အထီးကျန်စေရန် (economic isolation) တိုက်တွန်းနေမှုများသည် အပြစ်မဲ့ပြည်သူသန်းပေါင်းများစွာအား စီးပွားရေးကျပ်တည်းမှုဖြစ်ပေါ်စေရာ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ခွင့် (right to development) အပါအဝင် လူ့အခွင့်အရေးကို ထိခိုက်စေကြောင်း ပြောကြားခဲ့သည်။

FFM အစီရင်ခံစာတွင် လူသားချင်းစာနာမှုအဖွဲ့ဖြစ်သည့် UEHRD ၏ ပုံရိပ်ကို လိုရာဆွဲ၍ မမှန်မကန်ပြောကြားမှုများကိုလည်း ထောက်ပြခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် လုံခြုံရေးနှင့် တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများကို ကာကွယ်ရန် နယ်နိမိတ်မျဉ်းတစ်လျှောက် ခြံစည်းရိုးတည်ဆောက်ရန် အချုပ်အခြာအာဏာလုပ်ပိုင်ခွင့်ရှိသဖြင့် နယ်စပ်ခြံစည်းရိုးတည်ဆောက်မှုနှင့်စပ်လျဉ်း၍ စွပ်စွဲပြောဆိုမှုများကို တုံ့ပြန်ပြောကြားခဲ့သည်။

ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထား

အမြဲတမ်းကိုယ်စားလှယ်က FFM သည် ၎င်းတို့ အသားပေးလိုသည့်အရာကိုသာ အာရုံစိုက်ပြီး အာဆာအကြမ်းဖက်အဖွဲ့က အပြစ်မဲ့တိုင်းရင်းသားလူနည်းစု ရာပေါင်းများစွာအပေါ် ရက်စက်ကြမ်းကြုတ်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတို့ကို ရည်ရွယ်ချက်ရှိရှိ လျစ်လျူရှုထားကြောင်း ထောက်ပြခဲ့သည်။

၎င်းက မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှုတားဆီးရေးနှင့် ကျူးလွန်သူများအား အရေးယူ ကိုင်တွယ်ဖြေရှင်းနေမှုများကို ကောင်စီထံသို့ ပြောကြားခဲ့သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းကို မူဝါဒမရှိကြောင်းနှင့် အစဉ်အလာလည်း မရှိကြောင်း၊ ထို့ပြင် နယ်မြေရှင်းလင်းသုတ်သင်ခြင်းဆိုသည်မှာလည်း သောင်းကျန်းသူများကို တန်ပြန်တိုက်စစ်ဆင်ခြင်းကိုဆိုလိုပြီး နယ်မြေတစ်ခုလုံးကို ရှင်းလင်းခြင်းမဟုတ်ကြောင်း၊ "Clearance Operation" ဆိုသည့် အသုံးအနှုန်းကို FFM မှ မှားယွင်းစွာ နားလည် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းကို ထောက်ပြခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်က နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီလုပ်ငန်းစဉ်ပိုမိုခိုင်မာမှု၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတို့ကို အထောက်အကူပြုစေမည့် အပြုသဘောဆောင်သော ကူညီပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပေးအပ်ရန် တောင်းဆိုပါကြောင်း နိဂုံးချုပ်ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

ဥပဒေ၊ နည်းဥပဒေတွေကို အခြေခံပြီးတော့ တိုင်းရင်းသားအခွင့်အရေးတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်မလဲ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဦးစီးမှူးတွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေအနေနဲ့ ဘယ်လိုချိတ်ဆက် ဆောင်ရွက်ကြမလဲဆိုတဲ့ မဟာဗျူဟာတွေကို ဆွေးနွေးကြမှာဖြစ်တယ်

ဦးဇော်အေးမောင် (ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယနေ့ဆွေးနွေးပွဲတွင် တိုင်းရင်းသား ရေးရာ အခြေခံအချက်များ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ စီမံချက်စစ်တမ်းရလဒ် အစီရင်ခံစာနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ (ကနဦးမူကြမ်း) ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး တက်ရောက်လာကြသူများက ဦးစားပေးလုပ်ငန်း နယ်ပယ်များ အလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာ အယ်လ်တူးမင်းဂေါင်
(ညွှန်ကြားရေးမှူးချုပ်)

ဦးဇော်အေးမောင်
(ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

ဒေါ်စံဝင့်ခိုင်
(ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

ဦးအားတီယောဟန်
(လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့သူများ၏ စကားသံများကို ပြန်လည်ဖော်ပြလိုက်ပါသည်-

ဦးလှမော်ဦး (ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားအခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ခြင်းအပြင် တိုင်းရင်းသားတွေရဲ့ စာပေ၊ စကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အမျိုးသားရေး လက္ခဏာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း ဒေသဖွံ့ဖြိုးရေးအတွက် ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတဲ့ အစီအမံတွေကို တိုင်ပင်ဆွေးနွေးပြီး ပံ့ပိုးကူညီဆောင်ရွက်ဖို့လည်း တာဝန်ရှိပါတယ်။ ဝန်ကြီးဌာနရဲ့မူဝါဒ၊ လုပ်ငန်းစဉ်နဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ခိုင်မာတိကျတဲ့ မဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေးကလည်း ကနဦး ဆောင်ရွက်ရမယ့် အရေးအကြီးဆုံးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အနာဂတ် လုပ်ငန်းစီမံချက်တွေအတွက်လည်း လမ်းပြမြေပုံ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ လက်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲထုတ်ပြန်ပြီး တိုင်းရင်းသားရေးရာကိစ္စတွေကို အလေးထားဆောင်ရွက်ခြင်းနဲ့ တိုင်းရင်းသားလူမျိုးများအကြားမှာခွဲခြားဆက်ဆံမှုတွေ၊ ကွာဟမှုတွေရှိနေတယ်ဆိုတဲ့ ခံစားချက်တွေလျော့ပါးစေကာ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းမှုတွေကို တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

ဒေါက်တာ အယ်လ်တူးမင်းဂေါင် (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန)

ဒီနေ့ပွဲရဲ့ အဓိကရည်ရွယ်ချက်က တိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ကိစ္စနဲ့ ဝန်ကြီးဌာနရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ညှိနှိုင်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုသွားပြီး စစ်တမ်းအကြိမ်(၆၀) ကျော် ကောက်ယူခဲ့ပါတယ်။ တိုင်းရင်းသားပြည်သူတွေရဲ့ဆန္ဒသဘောထားတွေကို မေးတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချင်တဲ့လုပ်ငန်းနယ်ပယ်တွေကို အဓိကထားပြီး နယ်ပယ် ၁၇ ခုနဲ့ စစ်တမ်းကောက်ပါတယ်။ ဦးစားပေးအလိုက် လုပ်ငန်းနယ်ပယ်တွေကို မဟာဗျူဟာမှာထည့်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမဟာဗျူဟာရေးဆွဲရာမှာ တိုင်းရင်းသားပြည်သူတွေရဲ့ဆန္ဒကို အခြေခံဆောင်ရွက်သွားဖို့ ရည်ရွယ်ပါတယ်။ တိုင်းရင်းသားအခွင့်အရေးနဲ့ ပတ်သက်တဲ့ နည်းဥပဒေထုတ်ပြန်ပြဋ္ဌာန်းတုန်းကလည်း တိုင်းရင်းသားပြည်သူတွေရဲ့ သဘောဆန္ဒရယူပြီး နည်းဥပဒေကို ရေးဆွဲခဲ့ပါတယ်။ အလားတူပဲ တိုင်းရင်းသားတွေအတွက် ရှေ့လုပ်ငန်းစဉ်တွေ ဘာလုပ်ကြမယ်ဆိုတဲ့ အစီအစဉ်တွေပါတဲ့ မဟာဗျူဟာကို စတင်ရေးဆွဲရာမှာလည်း တိုင်းရင်းသားတွေရဲ့ သဘောထားတွေကိုယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ ပြဋ္ဌာန်းပြီးဖြစ်တဲ့ နည်းဥပဒေနဲ့ ပတ်သက်ပြီးတော့လည်း တိုင်းရင်းသားပြည်သူတွေအတွက် ဘယ်လိုဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာ တိုင်းဒေသကြီး၊ ပြည်နယ်တွေက တိုင်းရင်းသားရေးရာဝန်ကြီးအသီးသီးနဲ့ အသေးစိတ် ဆွေးနွေးနိုင်မှာ ဖြစ်တဲ့အတွက် တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေနဲ့ တိုင်းရင်းသားတွေရဲ့ ဘက်စုံဖွံ့ဖြိုးရေးကိစ္စတွေကို အနာဂတ်မှာ ပိုမိုဆောင်ရွက်သွားနိုင်မယ့် အလားအလာကောင်းတွေရှိလာမယ်လို့ ပြောချင်ပါတယ်။

ဦးဇော်အေးမောင် (ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ ထွက်ပါတယ်။ ဒီဥပဒေကြောင့်ပဲ ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာတယ်။ သိပ်မကြာခင်ကပဲ နည်းဥပဒေလည်း ထွက်လာတယ်။ ဥပဒေ၊ နည်းဥပဒေအရ တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ဘယ်လိုမဟာဗျူဟာတွေချမှတ်ပြီး ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဥပဒေ၊ နည်းဥပဒေတွေကို အခြေခံပြီးတော့ တိုင်းရင်းသားအခွင့်အရေးတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်မလဲ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဦးစီးမှူးတွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေအနေနဲ့ ဘယ်လိုချိတ်ဆက်ဆောင်ရွက်ကြမလဲဆိုတဲ့ မဟာဗျူဟာတွေကို ဆွေးနွေးကြမှာဖြစ်တယ်။ ဒီလိုဆွေးနွေးမှုတွေက တစ်ဆင့် လုပ်ထုံးလုပ်နည်းတွေ ထွက်လာမယ်။ ဒီလုပ်ထုံးလုပ်နည်းတွေအရ အမိန့်၊ ညွှန်ကြားချက်တွေ ထုတ်ပြီးတော့ တိုင်းရင်းသားအခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒီဆွေးနွေးပွဲက Platform တစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

ဒေါ်စံဝင့်ခိုင် (ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့)

ကျွန်မတို့ တိုင်းရင်းသားတွေအနေနဲ့ အဆင့်မြင့်ပညာတွေကို သင်ကြားလာကြပါပြီ။ ကျွန်မတို့ဒေသတွေက နယ်တွေ ဖြစ်နေတယ်။ ကျောင်းတွေကလည်း ဝေးလံခေါင်သီတဲ့နေရာတွေမှာရှိနေတယ်။ ကလေးတွေက ကျောင်းကိုရောက်အောင် မနည်းကြိုးစားဆောင်ရွက်ရတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အခက်အခဲတွေကြားကနေ ကြိုးစားသင်ယူကြရတယ်။ ဒါကြောင့် အမှတ်တွေက သူတို့ဖြစ်ချင်တဲ့ ဆရာဝန်၊ အင်ဂျင်နီယာ စတဲ့နယ်ပယ်တွေကို မရောက်ရှိနိုင်ဘူး။ သူတို့တွေကလည်း ကိုယ့်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးချင်ကြတယ်။ ဒါကြောင့် သူတို့အနေနဲ့ တန်းတူညီမျှတဲ့ ပညာရေးကို လိုချင်ကြတယ်။

မိမိဒေသမှာ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာလည်း Nurse Training မျိုးတွေကို အမှတ်မမီတဲ့အတွက် မတက်ရောက်နိုင်ကြဘူး။ ဒီလို သင်တန်းတွေမှာလည်း သူတို့တွေကို အပါခေါ်နိုင်ဖို့အတွက် အခွင့်အရေးတွေ လိုချင်တယ်။ ကျေးရွာ၊ ကျေးလက်ဆေးပေးခန်းတွေလည်း ရှိစေချင်တယ်။ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအဟန့်အတားဖြစ်နေတာက မူးယစ်ဆေးဝါးပြဿနာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာတွေလည်း ကင်းစင်စေချင်တယ်။ အမျိုးသမီးအခွင့်အရေးနဲ့ ကျား၊ မ တန်းတူ အခွင့်အရေးတွေလိုချင်တယ်။ ဒါတွေကို တောင်းဆိုကြပါတယ်။ တိုင်းရင်းသားပြည်သူတွေရဲ့အသံကို ကျွန်မတို့ ရရှိခဲ့ပါတယ်။

ဦးအားတီယောဟန် (လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)

ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာရေးဆွဲတဲ့နေရာမှာ ကိုယ့်ဒေသနဲ့သက်ဆိုင်တဲ့ကိစ္စတွေကို အဓိကထားထည့်သွင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီမဟာဗျူဟာရေးဆွဲတဲ့အခါမှာ တိုင်းရင်းသားဒေသတွေကို စစ်တမ်းကောက်ပြီး ရေးဆွဲတဲ့အတွက် တိုင်းရင်းသားတွေရဲ့ အခွင့်အရေးပိုမိုရရှိဖို့ဆိုတာ မဟာဗျူဟာရေးဆွဲပြီးတဲ့နောက် ဘတ်ဂျက် သုံးစွဲမှု၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ်မှာ မူတည်ပါတယ်။

တိုင်းရင်းသားဒေသတွေရဲ့ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းရင်းသား ရင်ကြားစေ့ရေးဆိုတာတွေကို ကျွန်တော်တို့ကစာတွေ့ပဲ ရှိသေးတယ်။ လက်တွေ့မရှိသေးဘူး။ လက်တွေ့ အကောင်အထည်ဖော်ပြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်က တိုင်းရင်းသားတွေကို အခွင့်အရေးပေးတဲ့ ဖက်ဒရယ်မှုကိုသွားနေပြီဆိုတာကို တိုင်းရင်းသားတွေရဲ့ အခွင့်အရေးရရှိမှုကို လက်တွေ့အကောင်အထည်ဖော်ပြမှသာ ငြိမ်းချမ်းရေးရော၊ တိုင်းရင်းသားရင်ကြားစေ့ရေးကိုရော ရရှိမှာ ဖြစ်ပါတယ်။

ဒေါ်သဉ္ဇာနိုင် (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန)

ကျွန်မတို့ တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနဲ့ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းအစီအစဉ်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ဥပဒေပါ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေကို သိရှိဖို့၊ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးနစ်နာဆုံးရှုံးမှု မရှိစေရေး ကာကွယ်ပေးမယ့်ဥပဒေကို သိရှိနားလည်စေဖို့၊ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးဆိုင်ရာမဟာဗျူဟာရေးဆွဲနိုင်ဖို့နဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာဌာနတွေ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။

ကျွန်မတို့ တိုင်းရင်းသားရေးရာအခြေခံအချက်တွေ စစ်တမ်းကောက်ယူရာမှာ နယ်ပယ် (၁၇)ခုနဲ့ ကောက်ယူပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်ဆိုင်ရာ၊ တိုင်းရင်းသားတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လိုအပ်တဲ့ အခြေခံကောင်းတွေ ပေါ်ထွန်းလာရေး၊ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုဘဝမြှင့်တင်ရေး၊ မျိုးနွယ်စုအမည်တွေ မှန်ကန်စွာ မှတ်တမ်းပြုရေး၊ အမျိုးသမီးတွေရဲ့ လူမှုဘဝမြှင့်တင်ရေးနဲ့ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ၊ ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုပြီး ကဏ္ဍစုံမှာ ပါဝင်ခွင့်ရရှိရေး၊ လူငယ်ရေးရာမူဝါဒတွေကို လူငယ်တွေ ပူးပေါင်းအကောင်အထည်ဖော်ရေး၊ လူသားချင်းခေါင်းပုံဖြတ်ခြင်းနဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေနဲ့ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ပျောက်ကွယ်လုနီးပါးဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေ တည်တံ့ခိုင်မြဲစေရေး၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒေသတွင်း စီမံကိန်း အကောင်အထည်ဖော်ရာမှာ ဒေသခံတွေကို ကြိုတင်ချပြအသိပေးရေး၊ သဘာဝအခြေခံ ခရီးသွားဝန်ဆောင်မှုမှာ ဒေသခံတိုင်းရင်းသားတွေ အဓိက ပါဝင်လုပ်ကိုင်နိုင်ရေးနဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို လုပ်ငန်းရှင်တွေက ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ဒေသရှိ ဆေးဖက်ဝင်အပင်များ အသုံးပြုမှုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှု၊ တိုင်းရင်းသားများ အကြားဖြစ်ပွားတဲ့ အငြင်းပွားမှုတွေ ဖြေရှင်းရေး၊ ဒေသအတွင်း ပဋိပက္ခဖြစ်ပွားတဲ့ အကြောင်းရင်းကို ဆန်းစစ်လေ့လာခြင်းနဲ့ ပဋိပက္ခဒဏ်ခံရသူတွေကို ကူညီရေးကိစ္စ စတဲ့နယ်ပယ်တွေ သတ်မှတ်ပြီး ကောက်ယူပါတယ်။

ရေး - ကိုမျိုး
ဓာတ်ပုံ- ထိန်နော်

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် GHG Emissions လျှော့ချရေး Online Webinar Course သင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၉ - ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် Shanghai Maritime University မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ Ship Energy Efficiency and Greenhouse Gases (GHG) Emissions လျှော့ချပေးနိုင်ရေးအတွက် ပြုလုပ်သည့် Online Webinar Course သင်တန်းဖွင့်ပွဲအား ယနေ့ မွန်းလွဲ ၂ နာရီတွင် တက္ကသိုလ်ပင်မဆောင်ရှိ MTCC Asia Branch Office တွင် ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်နှင့် Shanghai Maritime University ၏ တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားခဲ့ပြီး Online Webinar Course သင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအား Shanghai Maritime University မှ ၎င်းတို့ဆောင်ရွက်ထားရှိသော သုတေသနကိစ္စရပ်များ၊ အသစ်တည်ဆောက်မည့် သင်္ဘောများအတွက် လိုအပ်ချက်ဖြစ်သော Energy Efficiency Design Index (EEDI)၊ IMO ၏ မျှော်မှန်းချက်ဖြစ်သော ပတ်ဝန်းကျင်လေထု၊ ရေထုဆိုင်ရာ ညစ်ညမ်းမှုလျှော့ချရေး NOx၊ SOx Reduction ကိစ္စရပ်များအား Video Conferencing စနစ်ဖြင့် ပို့ချပေးခဲ့ပြီး အဆိုပါသင်တန်းအား နှစ်ပတ်လျှင် တစ်ကြိမ်ခန့်ဖြင့် နှစ်လတိတိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူ ၁၂ ဦးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများနှင့် ပုဂ္ဂလိကရေကြောင်းဘက်ဆိုင်ရာ သင်တန်းဌာနများမှ သင်တန်းသား သင်တန်းသူ ၁၃ ဦး စုစုပေါင်း ၂၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ

နေပြည်တော်　စက်တင်ဘာ　၁၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က သက်ဆိုင်ရာ အပိုဒ်အလိုက် ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဥပဒေကြမ်းအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ၂၀၁၉ခုနှစ် ဩဂုတ် ၂၈ ရက်တွင် တင်သွင်းခဲ့

ထို့နောက် **ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း** က ၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းရာတွင် ၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၁၀၀ (ခ)နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်တွင် တင်သွင်းခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းအပေါ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ၂၀၁၉ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် တင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၄ ရက်နှင့် ၆ ရက်တို့တွင် မူနှင့် အခြေခံသဘောအပါအဝင် အခွန်နှုန်းထားများနှင့်ပတ်သက်၍ ပြင်ဆင်ချက် အဆိုတင်သွင်းခဲ့ကြပါကြောင်း၊ အဆိုပါ ပြင်ဆင်ချက် အဆို တင်သွင်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းသည့် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၁ ရက်နှင့် ၁၃ ရက်များတွင် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊

ဝင်ငွေခွန်နှုန်းထားများနှင့် စပ်လျဉ်း၍လည်း ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ထပ်မံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၉ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးခြင်းများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီးလည်း ဖြစ်ပါကြောင်း။

ဥပဒေကြမ်းပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းပြီး

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့တွင်လည်း ဥပဒေကြမ်းပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းခြင်း၊ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အတည်ပြုဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁ အပိုဒ်ခွဲ (က) နှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ထားသည့်

ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့် အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

ပထမအကြိမ် တရုတ် - အာဆီယံရုပ်မြင်သံကြားရက်သတ္တပတ်နှင့် တရုတ် - အာဆီယံထင်ရှားကျော်ကြား ရုပ်ရှင်ဇာတ်ဝင်တေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော်　စက်တင်ဘာ　၁၉

ပထမအကြိမ် တရုတ်-အာဆီယံ ရုပ်မြင်သံကြား ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားနှင့် တရုတ်-အာဆီယံထင်ရှားကျော်ကြား ရုပ်ရှင်ဇာတ်ဝင်တေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာနမှ မစ္စစ်ဖန့်ရှောင်လိ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် အသံနှင့် ရုပ်မြင်သံကြား ဦးစီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စစ်မာလိ၊ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ် မစ္စစ်ကျန်းဟုံနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီး **(ဓါတ်ပုံ)** တရုတ်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အနုပညာရှင်များက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**

မြန်မာမှု မြန်မာ့ဓလေ့ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲ ကျင်းပမည်

နေပြည်တော်　စက်တင်ဘာ　၁၉

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် မြန်မာစာပေ၏ မြန်မာမှု၊ မြန်မာ့ဓလေ့များနှင့် မြန်မာ့အတွေးအမြင်များကို မျိုးဆက်သစ်များသိရှိလေ့လာနိုင်ရန်၊ ပြည်ထောင်စုစံ၊ ယဉ်ကျေးမှုစံများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ မြန်မာ့လူမှုဓလေ့၊ အတွေးအခေါ်၊ ယဉ်ကျေးမှု အမွေအနှစ်များမှတစ်ဆင့် မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ် ထက်သန်စေရန်၊ စာပေယဉ်ကျေးမှုအမွေအနှစ်များမှ တစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားများ သွေးစည်းညီညွတ်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲကို ကျင်းပမည်ဖြစ်သည်။

မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း (၉) စောင် ဖတ်ကြားမည်ဖြစ်ပြီး စာတမ်းများမှာ (၁) မြန်မာဘာသာစကားတွင် ထင်ဟပ်နေသော မြန်မာ့အတွေးအမြင်(မောင်ခင်မင်-ဓနုဖြူ)၊ (၂) မြန်မာမင်းများလက်ထက် သံတမန်အတတ်ပညာ (ဒေါက်တာကျော်ဝင်း-သမိုင်းပါမောက္ခ (ငြိမ်း))၊ (၃) ဗဒုံမင်းနှင့် အမိန့်တော်များ (အမိန့်တော်များထဲမှ ခေတ်သမိုင်းကိုဖော်ထုတ်ကြည့်ခြင်း) (ဒေါက်တာတိုးလှ)၊ (၄) မြန်မာ့ဓလေ့ဆုံးမစာများမှ မြန်မာ့ယဉ်ကျေးမှုအမြင် (ဦးအေးချို-မဟာဝိဇ္ဇာ)၊ (၅) မြန်မာမှုပဒေသာတို့ဖြင့် လွှမ်းခြုံနေသည့် လျှောက်ထုံးကျမ်း (သို့မဟုတ်) အမေးအဖြေကျမ်းများ (ထွန်းရီ-ရှေးဟောင်းသုတေသီ)၊ (၆) တွင်းရိုးတွင်းစား ရိုးရာဓလေ့သမိုင်း (ဦးကျော်စိုး-သမိုင်းပါမောက္ခ (ငြိမ်း))၊ (၇) ကဗျာထဲက ဝတ်စားဆင်ယင်မှု (ဒေါက်တာညိမ်းညိမ်း-ပါမောက္ခ၊ မြန်မာစာဌာန)၊ (၈) မြန်မာ့လူဘောင်အဖွဲ့အစည်းနှင့် သီလရှင် (ဒေါက်တာမိုမိုသန့်-ရန်ကုန်တက္ကသိုလ်)၊ (၉) မြန်မာ့လယ်ယာ လုပ်ငန်းသုံးထွန်တုံး(ဒေါက်တာစိုးစိုးနိုင်-ရန်ကုန်တက္ကသိုလ်) တို့ ဖြစ်သည်။

မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အတွေးအမြင် စာတမ်းဖတ်ပွဲကို စက်တင်ဘာ ၂၈ ရက် (စနေနေ့)နှင့် ၂၉ ရက် (တနင်္ဂနွေနေ့) များတွင် အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခန်းမတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ စာပေဝါသနာရှင်များ၊ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပဲခူးမြို့၌ (၁၆)ကြိမ်မြောက် ရိုးရာခြင်းလုံးအလှုခတ်ပွဲတော် ဖွင့်ပွဲကျင်းပ

ပဲခူး　စက်တင်ဘာ　၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေဟင်္သာခြင်းလုံးအားကစားရုံ၏ (၁၆)ကြိမ်မြောက် ရိုးရာခြင်းလုံးအလှုခတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက ရွှေဟင်္သာခြင်းလုံးအားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယကကြီး ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌများက တက်ရောက်ဖွင့်လှစ်၍ **(အပေါ်ပုံ)** အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ကြယ်ပွင့်ပြမေးခွန်း ၁၆၄ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၅၅၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်

နေပြည်တော် စက်တင်ဘာ ၁၉

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **တောင်တွင်းကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၏ မြေလွတ်ကျန်ရှိနေသောမြေနေရာတွင် ပေ ၃၀ × ပေ ၉၀ Community Centre Hall အဆောက်အဦတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ရုံး၏ မြေအကျယ်အဝန်းသည် ပေ ၉၀ ပတ်လည်ဖြစ်ပါကြောင်း၊ အဆိုပါ မြို့နယ်ရုံးကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ပေ(၄၀× ၃၀) အရွယ်အစားဖြင့် အုတ်ညှပ်၊ သွပ်မိုးတစ်ထပ် တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် ရုံးအဆောက်အဦအနီးတွင် အတန်အသင့်ကျယ်ဝန်းသည့် မြေလွတ်တစ်ခု ကျန်ရှိနေပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့် မြို့ကြီးများတွင်ရှိသည့် ဌာနပိုင်မြေနေရာများတွင် အကျယ်အဝန်းနှင့် အချက်အချာကျမှု အပေါ်မူတည်ပြီး လူထုအခြေပြုဗဟိုဌာန (Community Centre) များကို ပြည်သူများ အသိပညာနှင့် သတင်းအချက်အလက်များ ရှာမှီးရာနေရာ၊ ရပ်ရွာအသင်းအဖွဲ့များ စုဝေးရာနေရာ၊ ရပ်ကျိုးရွာကျိုး၊ တိုင်းကျိုးပြည်ကျိုး ဆွေးနွေးတိုင်ပင်ရာနေရာ၊ ပြည်သူလူထု အပန်းဖြေနားခိုရာနေရာ၊ ပြည်သူများနှင့် ပြည်သူ့ကိုယ်စားလှယ်များ အကျွမ်းတဝင် ထိတွေ့ဆက်ဆံရာနေရာ၊ လူငယ်လူရွယ်များ အသိပညာဆည်းပူးရာနေရာ စသည်ဖြင့် အသုံးပြုဆောင်ရွက်နိုင်သည့် အဆောက်အဦများအဖြစ် ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နည်းလမ်း (၃)မျိုးကို အခြေခံ၍ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း၊ တည်ဆောက်-လုပ်ဆောင်-လွှဲပြောင်း(B.O.T) စနစ်ဖြင့် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်ခြင်း စသည်တို့ဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း လူထုအခြေပြုဗဟိုဌာန (Community Centre) တစ်ခုကို နတ်မောက်မြို့နယ်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ လူထုအခြေပြုဗဟိုဌာနတွင် အသိပညာပေးလုပ်ငန်းများ၊ သင်တန်းများ၊ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာတမ်း၊ စာစောင် ငှားရမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ရုံးအဆောက်အဦတွင်လည်း စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်းစသည့် ရုံးတွင်းပံ့ပိုးဆောင်ရွက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ရုံးအဆောက်အဦအပြင်ဘက် မြေလွတ်နေရာရှိပါကြောင်း၊ ယင်းနေရာတွင် လောလောဆယ်အနေဖြင့် ကလေးသူငယ်များ ဆော့ကစားနိုင်မည့် အားကစားကွင်း တစ်ခုနှင့် လူငယ်များကစားမည့် ကစားကွင်းတစ်ခုကို ရုံးအပြင်ဘက် ပံ့ပိုးဆောင်ရွက်မှု (Outdoor Facilities) အဖြစ် စီစဉ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လူထုအခြေပြုဗဟိုဌာနများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် အဆောက်အဦတစ်လုံးသာ တည်ဆောက်ပေးနိုင်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးဝင်းအထဲတွင် ခန်းမဆောင်သာမကဘဲ Community Centre တစ်ခု၏ လုပ်ငန်းကဏ္ဍပေါင်းစုံကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်သည့် တင့်တယ်ပြည့်စုံသော အဆောက်အဦတစ်ခု ဆောက်လုပ်လိုသည့်ဆန္ဒ ပြင်းပြစွာရှိပါကြောင်း၊ သို့သော် ဝန်ကြီးဌာနအနေဖြင့် ယခုအခါတွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လူထုအခြေပြုဗဟိုဌာန (Community Centre) များကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် အဆောက်အဦတစ်လုံးသာ တည်ဆောက်ပေးနိုင်ပါကြောင်း။

ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးအဆောက်အဦမရှိသေးသည့် ရုံးများကို တည်ဆောက်ပေးနေရပါကြောင်း၊ သက်တမ်းကြာရှည်သောကြောင့် ယိုယွင်းလာသည့် အဆောက်အဦများ ပြင်ဆင်ရန်နှင့် သဘာဝဘေးရန်ကြောင့် ပျက်စီးမှုများကို ဦးစားပေးစီစဉ်ဆောင်ရွက်ပေးနေရသည့်အတွက် လောလောဆယ်အချိန်တွင် တောင်တွင်းကြီးမြို့နယ်ရုံးနေရာတွင် Community Centre Hall တစ်ခု ဆောက်လုပ်ပေးရန် တတ်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် လက်ရှိ ရုံးအဆောက်အဦကို ပိုမိုကြံ့ခိုင်ကောင်းမွန်စေရန်နှင့် ပြင်ပရှိ ကွက်လပ်ကို ကစားကွင်းနေရာ၏ လိုအပ်သည့် ပစ္စည်းများ ဖြည့်တင်းပေး၍ ကစားကွင်းတစ်ခု ဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၏ **မိုးကုတ်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်နံပါတ်များ ထပ်နေသည့်အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေး မဆုံးရှုံးစေရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ အမြန်ဆုံးဖြေရှင်းပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်အတွင်းရှိ ပြည်သူလူထုများအနေဖြင့် နိုင်ငံသားနံပါတ်ထပ်နေကြောင်း သိရှိပါက မြို့နယ်ဦးစီးမှူးရုံးသို့ ကိုယ်တိုင်လာရောက်လျှောက်ထားတင်ပြရန်လိုအပ်ပါကြောင်း၊ နိုင်ငံသားနံပါတ်ထပ်နေကြောင်း မသိရှိသူများအတွက် လွယ်လင့်တကူ ဆောင်ရွက်နိုင်ရန် မိုးကုတ်မြို့နယ်ဦးစီးမှူးရုံး၏ ရှေ့မျက်နှာစာ လူမြင်ကွင်းတွင် (Vinyl) ဗီနိုင်းဖြင့် ချိတ်ဆွဲ၍ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ကြေညာထားပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံသားကတ်ပြားပေးအပ်ပွဲအခမ်းအနားများတွင် ပြည်သူလူထုအား ဆွေးနွေးတင်ပြပြီး လစဉ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသော တစ်လနှစ်ကြိမ်ပြုလုပ်သည့် ရပ်၊ ကျေး အစည်းအဝေးများတွင် အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားများအတွက် အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၏ **ညောင်ရွှေမြို့နယ်တွင် ၂၀၁၃ ခုနှစ်က ဟိုတယ်ဇုန်စီမံကိန်းဟုဆိုကာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးမြေ၊ ထင်းခြုံမြေ ၆၂၂ ဧကတွင် ယနေ့တိုင် ဟိုတယ်နှစ်ခုသာ အကောင်အထည်ဖော်နိုင်ပြီး ယခင်က မည်သို့ဆောင်ရွက်ထားခဲ့သည်နှင့် နောက်နောင်မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဟိုတယ်ဇုန်တည်ဆောက်ခွင့်များအတွက် အင်ကြင်းကုန်းကျေးရွာနှင့် ချောင်းပါးကျေးရွာများအကြား အင်းလေးကန်အရှေ့ဘက် ကြိုးဝိုင်းအတွင်းမှ မြေဧရိယာ ၆၂၂ ဧကအား ဟိုတယ်ဇုန်အဖြစ် သတ်မှတ်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မတ် ၂၈ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ကွင်းဆင်းတွေ့ရှိချက်များကို ဆက်လက်တင်ပြဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ် မေ ၉ ရက်တွင် ခွင့်ပြုချက်ရရှိသဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

မြေဧရိယာ ၆၂၂ ဧကအား ဟိုတယ်ဇုန်မြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်စွဲပါစာဖြင့် ကြိုးဝိုင်းတောမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ပေးခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ လယ်ယာမြေသိမ်းဆည်း ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပါကြောင်း၊ ဟိုတယ်ဇုန်မြေနေရာအတွက် တောင်သူ ၁၁၆ ဦးကို သီးနှံကြေးနှင့် ကရုဏာကြေး ငွေကျပ် ၇၇၅ ဒသမ ၆၈၉ သန်း ပေးချေခဲ့ပါကြောင်း၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်းကို ထင်းခြံအတွက် လှူဒါန်းငွေ ငွေကျပ် ၃၃ ဒသမ ၄၇၈ သန်း ပေးအပ်လှူဒါန်းခဲ့ပါကြောင်း။

အင်းလေးဟိုတယ်ဇုန် ဧည့်သည်ဝင်ရောက်မှု လျော့နည်းသွားသဖြင့် ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် စဉ်းစားဆောင်ရွက်သင့်

အင်းလေးဟိုတယ်ဇုန်အနေဖြင့် လက်တွေ့ဆောင်ရွက်ရာတွင် အင်းလေး ဟိုတယ်ဇုန် စတင်အကောင်အထည်ဖော်စဉ်ကပင် ဒေသခံပြည်သူလူထုနှင့်ကျေလည်အောင် ညှိနှိုင်းမှုမရှိသဖြင့် သီးနှံကြေးနှင့် ကရုဏာကြေး မယူသူ ၂ ဦးမှာ ယနေ့တိုင် ကျန်ရှိနေပြီး ဟိုတယ်ဇုန်အပေါ် ဒေသခံပြည်သူလူထုမှ ကန့်ကွက်မှုများရှိနေပါကြောင်း၊ ဟိုတယ်ဇုန်နေရာသည် ရေရရှိမှုအခက်အခဲရှိနေကြောင်းလည်း တွေ့ရှိရပါကြောင်း၊ အင်းလေးဒေသရှိ ခရီးသွားလုပ်ငန်းအခြေအနေအရ ၂၀၁၆ ခုနှစ်တွင် ဟိုတယ် ၈၈ လုံး၊ အခန်းပေါင်း ၂၇၃၁ ခန်းရှိပြီး ဧည့်သည်ဝင်ရောက်မှုအနေဖြင့် နိုင်ငံခြားသား ၁၇၈၇၇ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဟိုတယ်ပေါင်း ၁၀၃ လုံး၊ အခန်းပေါင်း ၃၃၅၅ ခန်း၊ ဧည့်သည်ဝင်ရောက်မှုအနေဖြင့် နိုင်ငံခြားသား ၁၆၆၂၅၁ ဦးသာ ဝင်ရောက်ခဲ့သည့်အတွက် ဟိုတယ်အရေအတွက်များ တိုးတက်လာသော်လည်း ဧည့်သည်ဝင်ရောက်မှု လျော့နည်းသွားသဖြင့် ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် စဉ်းစားဆောင်ရွက်သင့်သည်ကို တွေ့ရှိရပါကြောင်း။

အင်းလေးဟိုတယ်ဇုန် စတင်အကောင်အထည်ဖော်ဆောင်သည့် မြေယာချထားမှုဆိုင်ရာ စည်းကမ်းချက်များတွင် မြေယာချထားပြီး ၆ လအတွင်း အကောင်အထည်ဖော်ရန်ပါရှိပြီး၊ ဟိုတယ်လုပ်ငန်းရှင် သုံးဦးသာ ဆောက်လုပ်ပြီး ကျန်လုပ်ငန်းရှင်များ လိုက်နာအကောင်အထည်ဖော်မှု အားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ အထက်ပါ အားသာချက်၊ အားနည်းချက်များအရ အင်းလေးဟိုတယ်ဇုန် ဆက်လက်ဆောင်ရွက်မည့် အစီအမံအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူ၍ လမ်းညွှန်မှုအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေအရ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းထားပြီး ဖြစ်သည့်အပြင် ဟိုတယ်တည်ဆောက်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ ဟိုတယ်လိုင်စင်၊ တည်းခိုရိပ်သာ လိုင်စင်ထုတ်ပေးခြင်းများကိုလည်း ယင်းကော်မတီသို့ လွှဲအပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါကော်မတီမှ အင်းလေးဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ဝန်ကြီးဌာနကလည်း ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **အငြိမ်းစားပညာရေးဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်မှုအပေါ် လက်ရှိဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်အတိုင်း တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၂ ခုနှစ် စက်တင်ဘာ ၈ ရက်မတိုင်မီ အငြိမ်းစားယူခဲ့သည့် မူလတန်းကျောင်းအုပ်ကြီး(ပညာရှင်အဆင့်-၂)များ၏ နောက်ဆုံးထုတ်လစာသည် ငွေကျပ် ၅၃၀၀၀ နှုန်းဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် တိုးမြှင့်ပေးခဲ့သည့် လက်ရှိလစာနှုန်းသစ်မှာ ငွေကျပ် (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၉ ရက်နောက်ပိုင်း အငြိမ်းစားယူခဲ့ပြီး အမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်နှင့် ကိုက်ညီသော မူလတန်းကျောင်းအုပ်ကြီးများ၏ ချိန်နှုန်းလစာမှာ ၅၉၀၀၀ ပြောင်းသွားသည့်အတွက် ၎င်းနှင့် ကိုက်ညီသည့် လက်ရှိ ချိန်နှုန်းအသစ်မှာ ငွေကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ဖြစ်ပါကြောင်း။

အခြေခံပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော ဝန်ထမ်းများ၏ အငြိမ်းစားလစာကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ တွက်ချက်ခွင့်ပြုပေးထားပြီးဖြစ်

သို့ဖြစ်ပါ၍ ပင်စင်ဦးစီးဌာနအနေဖြင့် အခြေခံပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသော ဝန်ထမ်းများ၏ အငြိမ်းစားလစာကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ ၃၀/၂၀၁၈ ၏ စာပိုဒ် ၃ တွင် ဖော်ပြထားသည့်အတိုင်း ဝန်ထမ်းအငြိမ်းစားယူသည့် အချိန်၌ ထုတ်ယူခဲ့သော နောက်ဆုံးထုတ်လစာနှင့် ကိုက်ညီသည့် လက်ရှိဝန်ထမ်းများ၏ ချိန်နှုန်းလစာအတိုင်း တိုးမြှင့်၍ တွက်ချက်ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **ဝင်ငွေခွန်ထမ်းဆောင်ရန် ဝင်ငွေမပြည့်မီသူများအတွက် ထုတ်ပေးသော ဝင်ငွေကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံလက်မှတ်ထုတ်ပေးမှုနှင့် ပတ်သက်၍ သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်မောင်၏ **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် ဖွဲ့စည်းထားသော ကော်မတီများ၌ ပါဝင်သူများက ပြည်သူများထံမှ ကောက်ယူထားသော ဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပတ်သက်၍ တိုင်ကြားလာပါက မည်သူက တာဝန်ယူစစ်ဆေးပေး၍ မည်သူက တရားစွဲဆို အရေးယူပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် ဒလမဲဆန္ဒနယ်မှ ဒေါက်တာ စိန်မြအေး၏ **ဒလမြို့နယ်တွင် အများသုံးရေနှင့် သောက်သုံးရေဖြန့်ဝေနိုင်ရေးအတွက် Japan International Cooperation System(JICS) နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ကြား စာချုပ်ချုပ်ဆို ဆောင်ရွက်ထားသည့် စီမံချက်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် အစည်းအဝေးသည် ယနေ့ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ ယခုကာလအတွင်း အစည်းအဝေးကျင်းပရက် ၂၃ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၆၄ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၅၅၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝမ်းနည်းကြောင်းအဆိုအပါအဝင် အဆို ၁၄ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ခုနစ်ခု၊ မှတ်တမ်းတင် အဆို ခြောက်ခုနှင့် တင်သွင်းပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်အဆိုတစ်ခုတို့ဖြစ်ကြပါကြောင်း၊ ယခင်က ကျန်ရှိသည့် ဥပဒေကြမ်းများအပါအဝင် ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း စုစုပေါင်း ၂၈ ခုရှိပြီး ဥပဒေကြမ်း ၁၁ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၅ ခု ကျန်ရှိပါကြောင်း။

စာမျက်နှာ ၁၂ သို့

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

နေပြည်တော် စက်တင်ဘာ ၁၉

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး** အစား **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးညီညီထွေး(ခ)ဦးကိုကိုလေး**အား အစားထိုးပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ငါးကျောင်းတို့တွင် လိုအပ်လျက်ရှိသော ဆရာ ဆရာမများ ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောက်တော်မြို့နယ်တွင်ရှိသည့် အဆင့်တိုးကျောင်းများအတွက် ဖွဲ့စည်းပုံ၊ ရာထူးခွဲဝေချက်၊ နှင့် ဘဏ္ဍာငွေရရှိပါက အဆင့်တိုးသွားသော အခြေခံပညာကျောင်းများသို့ ရာထူး အတိုး/အပြောင်းလျှောက်ထားသူများအနက် ဆန္ဒပြုဒေသ လစ်လပ်မှု၊ လုပ်သက် ရမှတ် တန်းစီဇယား အနည်း/အများအရ သော်လည်းကောင်း၊ PPTT သင်တန်းဆင်းများ၊ DTEd သင်တန်းဆင်းများ အသစ်ခန့်ထားဆောင်ရွက်ရာတွင် လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ပညာရေးမှူးအနေဖြင့် ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)များတွင် လိုအပ်လျက်ရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းခန့်ထားရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် ထန်တလန်မြို့နယ် ဘဲလ်ဟာရ် အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၁၄၀×၃၀) RCC နှစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မဖြစ်မနေ လျာထားဆောင်ရွက်ပေးမည်

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ဘဲလ်ဟာရ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RCC နှစ်ထပ်ဆောင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်များ တင်ပြဆောင်ရွက်ပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် ဘဲလ်ဟာရ် အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၁၄၀×၃၀) RCC နှစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မဖြစ်မနေ လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် လစ်လပ်လျက်ရှိသော ရုံးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဂျိုးဖြူနှင့် သဲဖြူမြစ်ရေတင်ရေပေးဝေရေးတို့မှ ရပ်ကွက်၊ ကျေးရွာများသို့ ထပ်မံတိုးချဲ့ရေပေးဝေနိုင်မည့် အခြေအနေနှင့် JICA ချေးငွေဖြင့် ဖော်ဆောင်နေသော ကုက္ကိုဝမြစ်ရေတင်စီမံကိန်း မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာလင်းဝေဖြိုးလတ်၏ **မြိတ်မြို့ မြစ်ငယ်ရပ်ကွက်ရှိ မင်္ဂလာရေကန်ကြီးအား အများပြည်သူ အပန်းဖြေရန်နေရာ ဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို လွှတ်တော်သို့ အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် **အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးတို့က ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ကော်မတီသည် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားမည့် နေ့စားလပေး ဆရာ ဆရာမများ၊ တိုင်းရင်းသားဘာသာသင်ဆရာ ဆရာမများ ခန့်ထားရေးကိစ္စများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဆိုထားသည်ကို တွေ့ရပါကြောင်း၊ သို့သော် တိုင်းရင်းသားကလေးများသည် မိခင်ဘာသာကို ပိုင်နိုင်စွာ တတ်ကျွမ်းရန်မှာ အစိုးရကျောင်းချိန်အတွင်း အခြားဘာသာရပ်များကဲ့သို့ သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီအနေဖြင့် ကွင်းဆင်းလေ့လာပြီး ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်း၍ တိုင်းရင်းသားဘာသာတိုင်းကို ကျောင်းချိန်အတွင်း ဖြစ်ဖြစ်မြောက်မြောက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးစေလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အောင် က ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၃၄ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၉၁ ခုတို့ကို မေးမြန်းခဲ့

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ**နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ အစည်းအဝေးကျင်းပရက် (၂၃) ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၃၄ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၉၁ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုတင်သွင်းခြင်းကဏ္ဍတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်နေပြည်သူများ ထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချိုမိုးရေစုဆောင်း သိုလှောင်ရန်၊ သောက်သုံးရေ ရရှိရန်၊ မြေအောက်ရေဖြည့်ဆည်းရန်၊ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေရရှိရန်၊ သဘာဝဂေဟစနစ်မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်၊ ဆည်ငယ်၊ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့တည်ဆောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပြီး ဆွေးနွေးရန် အမည်စာရင်းတောင်းခံထားသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း၏ **ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြင့်တင်ရန် စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန် နေရပ်စွန့်ခွာ၍ ရေမြေခြားအလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေးရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုများကို လွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များအပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အဆိုကို လွှတ်တော်က အတည်မပြုဟု ကြေညာခဲ့ပါကြောင်း။

ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်း ကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း** ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တို့အား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် **သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဥပဒေကြမ်း** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း

စာမျက်နှာ ၁၂ သို့

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

အခန်း(၂)
ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈)အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

အခန်း(၃)
နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

အခန်း(၄)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉)နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၉)နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

အပိုင်း ၄
အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

(ဃ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၂) နှင့် (၄) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ် ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(င) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) အရ အရေးပေါ် ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြရမည်။

အပိုင်း ၅
တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁)နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

အပိုင်း ၆
နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃)နှင့် (၁၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

မျိုးစုံဇီဝ ထိန်းသိမ်းကြ

ဒေါက်တာစန်းဝင်း၊ ဇော်ဝင်းမြင့် (သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း)

သူ့နာမည်က အိုနိရှိ - အမည်အပြည့်အစုံက Shingo Onishi ဂျပန်လူမျိုး။ ကျွန်တော်နဲ့သိခဲ့တာက ၁၉၉၂ ခုနှစ်။ မော်ဘီ CFDTC (Central Forestry Development Training Center) လို့ခေါ်တဲ့ ဗဟိုသစ်တောလုပ်ငန်းအတတ်ပညာသင်တန်းကျောင်းမှာပါ။ Onishi က အဲဒီကျောင်းမှာ ဂျပန်ကျွမ်းကျင်ပညာရှင်အနေနဲ့၊ ကျွန်တော်တို့က မြန်မာသစ်တောဦးစီးဌာနမှ သင်တန်းဆရာလေးတွေပေါ့။

ဂျပန်ပညာရှင်တွေနဲ့ အတူတကွအလုပ်လုပ်ကြရတာမို့ သူတို့ရဲ့ အချိန်လေးစားမှု၊ ကြိုးစားမှု၊ အလုပ်တိုင်းကို Plan လေးတွေချပြီး သေချာအောင်လုပ်တတ်မှု၊ နေ့စဉ်လုပ်ကိုင်မယ့် အလုပ်တွေ မမေ့အောင်လို့ လက်ထဲမှာ မှတ်စုစာအုပ်အသေးလေးတွေကိုင်ထားပြီး အဲဒီမှတ်စုစာအုပ်မှာရော၊ လက်ကိုင်စာအုပ်ထဲပါတဲ့ ပြက္ခဒိန်ထဲမှာရော မှတ်လေ့ရှိတာတွေ လေ့လာအတုယူရပါတယ်။ တစ်ခုတော့ရှိတာပေါ့လေ၊ ဂျပန်စာကို ဘယ်ညာ၊ ညာဘယ်၊ အထက်အောက် နှစ်သက်သလိုရေးလို့ရပြီး Kanji နဲ့ရေးရတာဆိုတော့ စာရေးရမယ့်အကွက်လေးတွေ သေးပေမယ့် ရေးလို့ နေရာဆံ့တယ်။ ကျွန်တော်တို့က သစ်တောသမားတွေဆိုတော့ အဲဒီအလေ့အကျင့်နဲ့ သိပ်မစိမ်းလှဘူး။ ဘာလို့လဲဆိုတော့ သစ်တောသမားတွေက ၁၅ ရက်တစ်ကြိမ် နေ့စဉ်မှတ်တမ်းရေးပြီး အထက်လူကြီးကို ရေးသားတင်ပြရတဲ့ ဌာနဆိုင်ရာလမ်းညွှန်ချက် (DI-Departmental Instructions) ဆိုတာရှိလို့ပါ။ နေ့စဉ်မှတ်တမ်းကို လိမ်ညာရေးရင်လည်း အပြစ်ဒဏ် ကြီးကြီးမားမားပေးနိုင်တဲ့ ပြဋ္ဌာန်းချက်လည်း ရှိပါတယ်။

ဂျပန်ပညာရှင်တွေနဲ့ အတူလုပ်ကိုင်နေရတုန်း ဂျပန်ပညာသင်သွားဖို့ စာမေးပွဲအောင်ပြီး ပညာသင်သွားခဲ့ရပါတယ်။ Onishi လည်း သူတာဝန်ထမ်းဆောင်ကာလပြည့်လို့ ဂျပန်ပြန်ရောက်တော့ ကျွန်တော်တို့နှစ်ဦး ဂျပန်မှာ ဆုံဖြစ်ကြပြန်တယ်။

ကျောင်းပြီးလို့ မြန်မာပြည်ပြန်ရောက်ပြီး ကိုယ့်ဌာနမှာပဲ ဆက်လက်အမှုထမ်းဖြစ်တော့ သူက ဇီဝဗေဒသုတေသီတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံရဲ့ တိရစ္ဆာန်တောကောင်တွေအကြောင်း လေ့လာနေခဲ့ပါတယ်။ သူရေးသားထုတ်ဝေတဲ့ မြန်မာနိုင်ငံဆိုင်ရာ စာအုပ်တွေကတော့ Natural Myanmar ၊ Mother Life of the River Ayeyarwaddy ၊ The Light of Dongle စတာတွေ ဖြစ်ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး

စာရေးသူ သစ်တောတက္ကသိုလ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့လည်း သစ်တောတက္ကသိုလ် အခု သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ကို ရောက်အောင်လာပြီး သုတေသနအကြောင်း၊ အရင်သင်တန်းကျောင်းအကြောင်းတွေ ပြောဖြစ်ကြပါတယ်။ ဒီလိုနဲ့ ၂၀၁၆ ခုနှစ်မှာ ပြန်တွေ့ကြတော့ JWRC (Japan Wildlife Research Centre) က သစ်တောတက္ကသိုလ်နဲ့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စ ပြောဖြစ်ကြပါတယ်။ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ ပတ်သက်ပြီး Rio+20 (အပိုဒ်) ၂၀၀၂ မှာ ဖော်ပြထားသလို "ကျွန်ုပ်တို့သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သင့်လျော်သော မိတ်ဖက်လုပ်ငန်းများနှင့် လုပ်ကိုင်ခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို မြှင့်တင်ရန် သဘောတူသည်" ဟု ဖော်ပြထားတဲ့အတိုင်း နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ကိုင်ဖို့ လိုအပ်လာပါတယ်။ အတိုချုပ်တင်ပြရရင် သက်ဆိုင်ရာအကြီးအကဲတွေ ခွင့်ပြုချက်နဲ့ ၂၀၁၇ ခုနှစ်က နှစ်ဖက်အဖွဲ့ သဘောတူလက်မှတ်ထိုးကာ ဇီဝမျိုးစုံမျိုးကွဲစီမံကိန်းငယ်ကို ဆောင်ရွက်ခဲ့ကြပါတယ်။ စီမံကိန်းအမည်ကတော့ "မြန်မာနိုင်ငံအတွင်း ဇီဝဗေဒဆိုင်ရာ နမူနာပုံစံများ စုဆောင်းရာ၌ အသုံးပြုနိုင်သည့် ကိရိယာများ ထုတ်လုပ်ရေးစီမံကိန်း" " The collaborative project on the development of tools for biological specimen collection in Myanmar" ဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၁ ရက်နေ့အထိ သုံးနှစ်တာကာလဖြစ်ပါတယ်။

Insect catching Net T-shape Holder (controller head) with bamboo handle
ပုံ (၁)

Insect Specimen Air-tight Glass-covered Box
ပုံ (၂)

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသနလုပ်ငန်းများ

စီမံကိန်းကို (၁) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံအစည်းအဝေးဆုံးဖြတ်ချက် CBD COP4 (Convention on Biological Diversity– Conference of the Party–4) ဖြစ်သည့် "ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သုတေသနလုပ်ငန်းများတွင် အရေးပါသော လူသားအရင်းအမြစ်များ နည်းပါးခြင်းသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်သည်" ကို အကောင်အထည်ဖော်ရန်၊ (၂) ဇီဝဗေဒဘာသာရပ်မှာ လူငယ်လူရွယ်များ စိတ်ပါဝင်စားလာစေရေးကို ဆွဲဆောင်ရန်အလို့ငှာ သုတေသနနှင့် ပညာရပ်နယ်ပယ်သုံး ပစ္စည်းကိရိယာများ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီး ပြည်တွင်း၌ ထုတ်လုပ်ရန်နဲ့ (၃) သစ်တောပညာနှင့် ဇီဝဗေဒဘာသာရပ်များမှာ သုတေသနလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ဆောင်တိုးမြှင့်စေရန်နှင့် ဖွံ့ဖြိုးမှုများကို မျှဝေဆောင်ရွက်ရန် စတဲ့ရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။

JWRC (Japan Wildlife Research Centre) ဘက်မှ Mr. Shingo Onishi ၊ Dr. Sanei Ichikawa၊ Mr. Hiroshi Nagano တို့နဲ့ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ စီမံရေးရာဌာန၊ ပတ်ဝန်းကျင်ဆိုင်ရာ မဟာဌာန၊ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာနတို့က စီမံကိန်းမှာ ပါဝင်ဆောင်ရွက်နေကြပြီး အားလုံးရဲ့ကိုယ်ပိုင်အတွေးအမြင်၊ အသိပညာ၊ စဉ်းစားတွေးခေါ်မှုတွေနဲ့ အင်းဆက်ပိုးမွှားဆိုင်ရာ ပစ္စည်းကိရိယာတွေဖြစ်တဲ့ Insect catching Net T-shape Holder (controller head) and (V-head)၊ Beating Net ၊ Set of Spreading Board (No-1 to 10)၊ Triangular Case (Metal box) and (Leather box)၊ Insect Specimen airtight wooden box ၊ Insect Specimen airtight glass covered box ၊ Insect Box Cabinet ၊ Light Trap ၊ Rearing Case and Pinning Block တို့အပြင် အပင်နှင့် ပန်းပုံစံဆိုင်ရာ ပစ္စည်းကိရိယာတွေဖြစ်တဲ့ Specimen Keeping Cabinet (made of metal) and (made of composite)၊ Press၊ Branch Cutter ၊ Glass Cover Box ၊ Specimen Collecting Bag ၊ Electric Oven for Specimen Drying (made of Composite) and (made of Plywood) ၊ Non-electric Oven (Cloth Types)၊ Specimen Collecting Back-Bag ၊ Field Identification Note Book၊ Specimen Collecting Fork (Ta-chyu) ၊ Airtight Wooden Box စတဲ့ ပစ္စည်းတွေကို အရင်ရှိပြီး ကိရိယာတွေထက် ပိုမိုကောင်းမွန်အောင် ဒီဇိုင်း၊ သုံးရလွယ်ကူစေမှုတို့ကို ရှေးရှုကာ ပြင်ဆင်ထုတ်လုပ်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာစံချိန်စံညွှန်းမီကိရိယာ

ဖော်ပြပါကိရိယာတွေထဲကမှ Insect catching Net T-shape Holder (controller head) and (V-head)၊ Light Trap ၊ Non-electric Oven ဟာ ကိုယ်ပိုင်ဒီဇိုင်းတွေရေးဆွဲပြီး နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ အကောင်းဆုံးကိရိယာတွေဖြစ်တဲ့အထိ အကြိမ်ကြိမ် တီထွင်စမ်းသပ်ထုတ်လုပ်နေတာဖြစ်ပါတယ်။ ထုတ်လုပ်ပြီးကိရိယာတွေကို ဂျပန်နိုင်ငံ တောရိုင်းတိရစ္ဆာန်များဆိုင်ရာ သုတေသနစင်တာမှ ကျွမ်းကျင်ပညာရှင်တွေက အဆင့်ဆင့် စမ်းသပ်စစ်ဆေးပြီး (ဥပမာ-လေလုံအင်းဆက်ထည့်သေတ္တာဆိုရင် နေရာအမျိုးမျိုး၊ ရာသီဥတုအမျိုးမျိုးမှာ ထားကြည့်ပြီး လေလုံ/မလုံ၊ မှိုစွဲကပ်မှုရှိ/မရှိ စတဲ့ စစ်ဆေးမှု) နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီကြောင်း မှတ်ချက်ပြု အသိအမှတ်ပြုထားတဲ့ ကိရိယာတွေဖြစ်ပါတယ်။

Light Trap for insect catching
ပုံ (၃)

ဖော်ပြထားတဲ့ပုံတွေကတော့ ထုတ်လုပ်ပြီးစီးတဲ့ ကိရိယာတွေထဲကမှ နမူနာခေတ်ပုံတချို့ပဲ ဖြစ်ပါတယ်။

ပုံ (၁) မှာ ဖော်ပြထားတဲ့ ကိရိယာလေးတွေဟာ အင်းဆက်တွေ ဖမ်းယူဖို့ ဖြစ်ပါတယ်။ ဟိုးအရင်က ပိုက် (Net) တပ်ထားတဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် တောထဲကို သယ်ယူရာမှာ မလွယ်ကူပါဘူး။ အခုတော့ ပုံ (၁) မှာ ပြတဲ့အတိုင်း တစ်ခုစီဖြုတ်ပြီး အကျီအိတ်ထဲ ထည့်သယ်လို့ရလောက်အောင် စတီးပစ္စည်းသေးသေးလေး နှစ်ခုသာလိုအပ်ပြီး တောတွင်းရောက်မှ ဝါးခြမ်းကို အဝိုင်းပုံသဏ္ဍာန် ကွေးပြီး ပိုက်(Net) စွပ်၊ လက်ကိုင်ဝါးလုံးကို အောက်ဘက်မှာ စွပ်လိုက်ရုံနဲ့ သက်သာ လွယ်ကူစွာ ပိုးမွှားတွေကို ဖမ်းဆီးနိုင်အောင် တီထွင်ထားတာပါ။

ပုံ (၂) မှာဖော်ပြထားတဲ့ ပစ္စည်းလေးကတော့ Air-tight အမျိုးအစား Glass-covered Box ဖြစ်ပြီး Moisture တော်တော်နည်းအောင် ဆောင်ရွက်ထားတဲ့အတွက် အင်းဆက်တွေကို အထဲမှာ နှစ်တော်တော်များများ (၁၀ နှစ်၊ နှစ် ၂၀ စသည်) အထားခံပါတယ်။ တခြားပုံစံတစ်မျိုးကတော့ Wooden Box ပါ။ သူကတော့ ပြသဖို့ထက် သိမ်းဆည်းဖို့အတွက် ထုတ်တာဖြစ်ပါတယ်။

ဖော်ပြပါ ပုံ (၃) နဲ့ ပုံ (၄) ပစ္စည်းတွေကတော့ ပန်းပုံစံနမူနာ/အရွက်နမူနာ ကောက်ယူပြီးသားတွေကို တောတွင်းမှာပဲ အခြောက်ပြုလုပ်နိုင်အောင် Non-electric Oven ကို တီထွင်ထားပါတယ်။ ဒါဟာဆိုရင် ပုံစံမပျက်ထိန်းသိမ်းရမယ့် အပင်၊ အရွက်၊ အပွင့် အစိတ်အပိုင်းတွေကို တောထဲမှာပဲ ချက်ချင်းခြောက်သွေ့ပြီး ကောင်းမွန်စွာ ထိန်းသိမ်းနိုင်စေဖို့ အကူအညီပေးမှာ ဖြစ်စေပါတယ်။

အင်းဆက်တို့၊ ပန်းပုံစံတို့ကို ထည့်သွင်းထိန်းသိမ်းထားရမယ့် Wooden Box တွေဟာ Air-tight (လေလုံ) ရမှာဖြစ်လို့ ဂျပန်၊ မြန်မာပညာရှင်တွေက သစ်သားအမျိုးမျိုးနဲ့ စမ်းသပ်ထုတ်လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။



Non-electric Oven for plant specimen drying
ပုံ (၄)

မူပိုင်ခွင့်ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိ

တီထွင်ထုတ်လုပ်ထားရှိတဲ့ ကိရိယာတွေကို ပညာရေးနဲ့ သုတေသနအခန်းကဏ္ဍမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မှာဖြစ်ပြီး မြန်မာပြည်တွင်းမှာ တီထွင်ထုတ်လုပ်တဲ့ ကိရိယာတွေဖြစ်တဲ့အပြင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ဟာ တစ်ခုတည်းသော ထုတ်လုပ်ရာနေရာတစ်ခုလည်း ဖြစ်ပါတယ်။ နောင် ဒီတက္ကသိုလ်မှာ တည်ထောင်ဖို့ ရည်ရွယ်ထားရှိတဲ့ ဇီဝမျိုးစုံနမူနာထိန်းသိမ်းရေးပြတိုက် (UFES Bio-Museum) မှာ သုတေသနလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ဖို့နဲ့ တက္ကသိုလ်ရဲ့ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအထောက်အကူပြုနိုင်ရေးအတွက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ထိုသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာမှာ အသုံးပြုမယ့်ကုန်ပစ္စည်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းပြုလုပ်ခွင့်နဲ့ ကုန်ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာ မူပိုင်ခွင့်ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့်တော့ အငယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူလေးတွေ ဖော်ပြပါပစ္စည်းလေးတွေကို လွယ်လွယ်ကူကူ လက်လှမ်းတမီ ရယူသုံးစွဲစေလိုတာပဲ ဖြစ်ပါတယ်။ ဒီလို ဈေးသက်သာစွာနဲ့ အလွယ်တကူရယူစေနိုင်ခြင်းဖြင့် အနာဂတ်လူငယ်လူရွယ်တို့ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးမှာ ပိုမိုပါဝင်စေလာမယ်လို့ ယုံကြည်ပါတယ်။ CBD COP4 မှာ တင်ပြဆွေးနွေးခဲ့တဲ့ စိန်ခေါ်မှုတစ်ရပ်ကို ဖြေရှင်းရာလည်း ရောက်တယ်လို့ ယုံကြည်ပါတယ်။ တစ်နည်းအားဖြင့် လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် အရေးပါတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ မပျောက်မပျက်တည်ရှိနေဖို့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ပေးမယ့် လူငယ်လူရွယ်လေးတွေ မွေးထုတ်ခြင်းဖြင့် မျိုးစုံဇီဝထိန်းသိမ်းကြပြီး တည်ငြိမ်တဲ့ ဂေဟစနစ်ကြီး ပေါ်ပေါက်လာနိုင်မယ်လို့ ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

"လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် အရေးပါတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ မပျောက်မပျက်တည်ရှိနေဖို့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ပေးမယ့် လူငယ်လူရွယ်လေးတွေ မွေးထုတ်ခြင်းဖြင့် မျိုးစုံဇီဝထိန်းသိမ်းကြပြီး တည်ငြိမ်တဲ့ ဂေဟစနစ်ကြီး ပေါ်ပေါက်လာနိုင်"

စာမျက်နှာ ၉ မှ

အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါကြောင်း၊ **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း** ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း** တို့ကို ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်းတောင်းခံထားသည့် **အခြေခံပညာရေးဥပဒေကြမ်း**နှင့် **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း** တို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၁/၂၀၁၉) ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားရေးရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ "မိမိတို့ လူ့ဘောင်အဖွဲ့အစည်းနှင့် စီးပွားရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော သင်ရိုးညွှန်းတမ်းများအား ပြုစုခြင်း၊ သင်ကြားလေ့ကျင့်အကဲဖြတ်ခြင်း" စုံစမ်းလေ့လာမှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂၈) ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၄) ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ (၁) ကြိမ်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ(၁၇)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၄) ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (၆) ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၅)ကြိမ်၊ တိုင်းရင်းသားရေးရာ ကော်မတီ(၄) ကြိမ်၊ တောင်သူလယ်သမားရေးရာ ကော်မတီ(၉)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ(၇) ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ(၁၀)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၈) ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ(၉)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ(၉) ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ(၉)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ(၆) ကြိမ်နှင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ကော်မတီ(၇) ကြိမ် စုစုပေါင်းကော်မတီအစည်းအဝေး (၁၄၃) ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို (၆) ကြိမ်ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို ခြောက်စောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၅၃ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှု ၁၁၀ အနက် ၈၅ ချက် ရှာဖွေပေးခဲ့ပြီး ဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

အောင်ရဲသွင်၊ ဟန်လင်းနိုင်

စာမျက်နှာ ၈ မှ

ယခုအစည်းအဝေးကာလအတွင်း တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၄)ဦး ကတိသစ္စာပြုခြင်း၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်ရေးရာကော်မတီများအနေဖြင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပြောင်းလဲခြင်း၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦး နုတ်ထွက်ခွင့်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် တစ်ဦးချင်းစုံစမ်းမေးမြန်းမှု ၇၀ ခု ပြန်ကြားပေးခြင်းနှင့် ကိန်းဂဏန်းဆိုင်ရာ စာတမ်းတိုအပါအဝင် သုတေသနစာတမ်းတို စုစုပေါင်း ၁၁ စောင်ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါကြောင်း။

လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါ ပြည်သူများအတွက် ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး လက်ခံနိုင်သည့် ဥပဒေများဖြစ်မှသာ တရားဥပဒေစိုးမိုးရေး ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှသာ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် တာဝန်ခံမှု၊ တာဝန်ယူမှုများ ရှိလာမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုက ဥပဒေကို လေးစားလိုက်နာပြီး မဏ္ဍိုင်ကြီး(၃) ရပ်ကို ကိုယ်စားပြုနေကြသူများအားလုံးကလည်း မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဒီမိုကရေစီယဉ်ကျေးမှု ဖော်ဆောင်နိုင်မှသာ မိမိတို့ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ကို သတိပြုကြစေလိုပါကြောင်း။

ပြည်သူက ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များပီသစွာ ပြည်သူ့အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ၊ ပါတီများအချင်းချင်းအကြား၊ တိုင်းရင်းသားများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို မျှော်ကိုးပြီး အတူလက်တွဲ ဆောင်ရွက်ပေးကြပါ၊ ကိုယ်စားလှယ်များ၏ ဒေသအသီးသီးကို ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း ပြည်သူလူထုနှင့် ကင်းကွာမနေဘဲ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် တတ်အားသမျှ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာသည်။

အေးအေးသန့်၊ ကျော်ဇင်ထိုက်

ကျောဖုံးမှ

အလယ်တန်း-သင်းသင်းယု၊ ဝင်းဝင်း၊ မေသူကျော်၊ လဲ့လဲ့လှိုင်၊ ဆွေမာအောင်၊ **ရှေ့တန်း**-ဂျူလိုင်ကျော်၊ (ခ) အသင်းတွင် **ဂိုး**-မေဇင်နွယ်၊ **နောက်တန်း**-အေးအေးမိုး၊ ခင်မျိုးဝင်း၊ ဝေဝေအောင်၊ မေသက်မွန်မြင့်၊ **အလယ်တန်း**-ပုံ့ပုံ့ပြည့်မောင်၊ ငယ်ငယ်ထွေး၊ မြတ်နိုးခင်၊ နွယ်နီဝင်း၊ ခင်မိုးဝေ၊ **ရှေ့တန်း**- စန်းသော်သော်တို့ ပါဝင်ကစားခဲ့ပြီး ဒုတိယပိုင်းတွင် (က) အသင်း၌ ခင်မာလာထွန်းနှင့် ခင်မိုမိုထွန်းတို့ လူစားလဲကစားခဲ့သည်။ (ခ) အသင်းအတွက် အနိုင်ဂိုးများကို နွယ်နီ ဝင်းက နှစ်ဂိုး၊ စန်းသော်သော်နှင့် ခင်မိုးဝေတို့က တစ်ဂိုးစီသွင်းယူခဲ့ကာ (က) အသင်းအတွက် ချေပဂိုးတစ်ဂိုးကို နန့်ဇူးဇူးထက်က သွင်းယူခဲ့သည်။

သုံးပွင့်ဆိုင်လူရွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် ဇဟန်း မြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ပြီး (က) အသင်းနှင့် (ဂ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်ရှိန်း

ဖားကန့်မြို့နယ်၌ အမျိုးအမည်မသိ သတ္တုအစိတ်အပိုင်းတစ်ခု ကျရောက်

ဖားကန့် စက်တင်ဘာ ၁၉

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်ပုံကျေးရွာ၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က အမျိုးအမည်မသိသော ဆလင်ဒါပုံသတ္တုအစိတ်အပိုင်း တစ်ခု ပြုတ်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"အမည်မသိ သတ္တုလုံးပေါ့၊ ထိပ်အဝက ခြောက်ပေလောက်၊ အောက်ဘက်အဝ ၁၀ ပေလောက်နဲ့ အလျား ၁၆ ပေ လောက်ရှိပါတယ်"ဟု လုံးခင်းကျေးရွာမှ သွားရောက်ကြည့်ရှုခဲ့သူ ဦးနိုင်မိုးက ပြောသည်။အဆိုပါသတ္တုပစ္စည်းသည် မော်ပုံကျေးရွာမှ ဦးအေးကျော်၏ နေအိမ်နောက်ဘက် ရေကန်အမိုးကို လျှပ်တိုက်ထိခဲ့ပြီး နေအိမ်နောက်ဘက် မြောင်းထဲကျရောက်ခဲ့ကြောင်း၊ သတ္တုအစိတ်အပိုင်းကျရောက်သည့်အသံကို လုံးခင်းမှကြားရကြောင်း၊ ကျကျချင်းက ညှော်နံ့ပြင်း၍ပူကြောင်း လုံးခင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ ကိုကျော်သူရက ပြောသည်။

သတ္တုအစိတ်အပိုင်းပြုတ်ကျမှုကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်ခဲ့ခြင်း မရှိဘဲ လက်ရှိတွင် မည်သည့်နေရာမှကျရောက်သည့် မည်သည့်အမျိုးအစားသတ္တုဖြစ်သည်ကို စုံစမ်းဆဲအနေအထားသာရှိသေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ အလားတူ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်ကလည်း ဖားကန့်မြို့နယ် မော်စီစာကျေးရွာချောင်းအနီးကွင်းပြင်တွင် ကောင်းကင်မှ အမည်မသိသတ္တုအစိတ်အပိုင်းတစ်ခု ကျရောက်ခဲ့မှု ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

ရီးရဲမက်ဒရစ်တို့ ပြင်သစ်မြေတွင် ပီအက်စ်ဂျီကို ဂိုးပြတ်ရှုံးနိမ့်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စက်တင်ဘာ ၁၉ ရက် ကြာသပတေးနေ့ နံနက်ပိုင်း၌ ပြင်သစ်မြေတွင် ယှဉ်ပြိုင်ခဲ့သည့် ပီအက်စ်ဂျီနှင့် ရီးရဲမက်ဒရစ်ပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် ပီအက်စ်ဂျီအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပြင်သစ်ထိပ်သီးကလပ်နှင့် စပိန်ထိပ်သီးကလပ်တွေ့ဆုံသည့် ယင်းပွဲတွင် နှစ်သင်းစလုံး တိုက်စစ်ကစားကွက် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာကြသည်။ အိမ်ရှင် ပီအက်စ်ဂျီ တိုက်စစ်တွင် နေမာ၊ အမ်ဘတ်ပီနှင့် ကာဗာနီတို့ မပါဝင်နိုင်ဘဲ ဒီမာရီယာ၊ အိုင်ကာဒီနှင့် ဆာရာဘီယာတို့ ပွဲထွက်လာသည်။ ဧည့်သည်ပီအက်စ်ဂျီတိုက်စစ်တွင် ဘင်ဇီမာ၊ ဂါရတ်ဘေးနှင့် ဟာဇတ်တို့ ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၁၄မိနစ်တွင် ဂျူအန်ဘားနတ်၏ ဖန်တီးမှုမှုတစ်ဆင့် ဒီမာရီယာက ပီအက်စ်ဂျီအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၃၃မိနစ်တွင် ဒီမာရီယာက ဒုတိယဂိုး ထပ်မံသွင်းယူကာ နှစ်ဂိုး-ဂိုးမရှိဖြင့် ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရီးရဲအသင်း ချေပဂိုးရရှိရန် ရုန်းကန်ခဲ့ပေမယ့် သာမန်မိနစ်ကိုးဆယ်ပြည့်ပြီး နာကျင်အချိန်ပိုတွင် ပီအက်စ်ဂျီနောက်တန်းကစားသမား သောမတ်စ်မြူနီယာက တတိယမြောက်အနိုင်ဂိုးကို သွင်းယူခဲ့သည်။ အသင်းဟောင်းနှင့် ပြန်လည်တွေ့ဆုံခဲ့သည့် ဒီမာရီယာသည် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်ပီအက်စ်ဂျီအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ကိုးကြိမ်အနက် ငါးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ရီးရဲအသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ကြိမ်ထိရရှိခဲ့ပြီး ဂိုးပေါက်ကို တစ်ကြိမ်မျှ မခြိမ်းခြောက်နိုင်ခဲ့ပေ။

ချန်ပီယံလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် မန်စီးတီးအသင်းသည် ယူကရိန်းမြေ၌ ရှက်တာဒိုးနက်စ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းသည် အိမ်ကွင်း၌ ဇဗက်ဇ်ဒါကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အိုလံပီယာကို့စ်နှင့် စပါးပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီး ကလပ်ဘရုနှင့် ဂါလာတာစာရေးပွဲသည် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ဒိုင်နမိုဇာဂရက်က အတ္တလန်တာကို လေးဂိုး-ဂိုးမရှိ၊ လိုကိုမိုးတစ်မော်စကိုက လေဗာကူဆင်ကို နှစ်ဂိုး-တစ်ဂိုး၊ အက်သလက်တီကိုနှင့် ဂျူဗင်တပ်စ်တို့သည် တစ်ဖက် နှစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ **သီဟ**

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ



(၁၁) သင့်လုံခြုံမှုရှိရေးအတွက် ကျွန်ုပ်တို့ အလေးထားပါသည်။

ကျွန်ုပ်တို့သည် Facebook ကို အသုံးပြုနေသူများအားလုံး၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်လွတ်လပ်မှုနှင့် ကိုယ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကို အထူးအလေးထားပြီး ကာကွယ်ပေးပါသည်။ Facebook ကို အသုံးပြုနေသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျွန်ုပ်ကဲ့သို့ သင့်အား လိုက်နာလေးစားစေလိုသည်။

(၁၂) ရိုင်းစိုင်းမှုများကို တိုင်ကြားနိုင်ပါသည်။

အကယ်၍ သင်သည် Facebook ပေါ်တွင် တစ်စုံတစ်ယောက်က စည်းကမ်းများနှင့် မကိုက်ညီသော ကိစ္စများ တစ်ခုခုလုပ်နေကြောင်း မြင်တွေ့ယုံကြည်လျှင် ကျွန်ုပ်တို့ထံ Report လုပ်သင့်ပါသည်။



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဩဂုတ်လထိ)(ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၂၀၅၁ သန်း ဆောင်ရွက်နိုင်ပြီး လျာထားချက်အပေါ် ၁၀၃ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလ မှ ဩဂုတ်လထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၇၄ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၅၇၇ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၂၀၅၁ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၅၃၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၅၈၀၀ သန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၁၀၀ သန်းဖြစ်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဩဂုတ်လထိ) ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၀၁ ရာခိုင်နှုန်း၊ သွင်းကုန် ၁၀၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုပမာဏ ၁၀၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ပို့ကုန်၊ သွင်းကုန်ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဩဂုတ်လထိ) (ယာယီ) ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လျာထားချက်			၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဩဂုတ်လထိ) (ယာယီ)			ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်း		
		ပို့ကုန်	သွင်းကုန်	ကုန်သွယ်မှု ပမာဏ	ပို့ကုန်	သွင်းကုန်	ကုန်သွယ်မှု ပမာဏ	ပို့ကုန်	သွင်းကုန်	ကုန်သွယ်မှု ပမာဏ
(က)	ပင်လယ်ရေကြောင်း	၈၁၅၀.၀၀၀	၁၃၄၃၀.၀၀၀	၂၁၅၈၀.၀၀၀	၈၇၇၉.၄၇၆	၁၃၇၈၀.၂၀၀	၂၂၆၅၉.၆၈၇	၁၀၉	၁၀၃	၁၀၅
(ခ)	နယ်စပ်	၇၁၅၀.၀၀၀	၂၃၇၀.၀၀၀	၉၅၂၀.၀၀၀	၆၅၉၄.၇၅၉	၂၇၉၆.၇၄၃	၉၃၉၁.၅၀၂	၉၂	၁၁၈	၉၉
(ဂ)	စုစုပေါင်း	၁၅၃၀၀.၀၀၀	၁၅၈၀၀.၀၀၀	၃၁၁၀၀.၀၀၀	၁၅၄၇၄.၂၃၅	၁၆၅၇၆.၉၅၄	၃၂၀၅၁.၁၈၉	၁၀၁	၁၀၅	၁၀၃

၂။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဩဂုတ်လထိ) ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအနေဖြင့် လယ်ယာထွက်အုပ်စုတွင် ဒေါ်လာ ၃၀၃၂ သန်း၊ တိရစ္ဆာန်ထွက်အုပ်စုတွင် ဒေါ်လာ ၃၄၁ သန်း၊ ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၆၇၅ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၁၃၆၃ သန်း၊ သစ်တောထွက်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၁၅၇ သန်း၊ စက်မှုကုန်ချောအုပ်စုတွင် ဒေါ်လာ ၉၁၆၄ သန်းနှင့် အခြားပစ္စည်းအုပ်စုတွင် ဒေါ်လာ ၇၄၁ သန်း အသီးသီးတင်ပို့နိုင်ခဲ့ပြီး အဓိက ပို့ကုန်ပစ္စည်းများဖြစ်သည့် ပဲမျိုးစုံများ၊ ရေထွက်၊ တိရစ္ဆာန်ထွက် အုပ်စုများအပြင် CMP အထည်ချုပ်ပစ္စည်းများအား ယခင်နှစ် ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ယခင်နှစ် ကာလတူထက် လျော့နည်းခဲ့ပါသည်။

၃။ သွင်းကုန်အုပ်စုလိုက်တင်သွင်းမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် ဒေါ်လာ ၅၂၃၀ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် ဒေါ်လာ ၆၁၅၆ သန်း၊ လူသုံးကုန် ပစ္စည်းအုပ်စုတွင် ၃၀၃၇ သန်းနှင့် CMP ပစ္စည်းများ ၂၁၅၂ သန်း အသီးသီးတင်သွင်းနိုင်ခဲ့ပြီး CMP ပစ္စည်းတင်သွင်းမှုသည် ယခင်နှစ်ကာလတူထက် ပိုမိုခဲ့သော်လည်း အခြားသွင်းကုန်အုပ်စုများ တင်သွင်းမှုသည် ယခင်နှစ်ကာလတူထက် လျော့နည်းခဲ့ပါသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲ၌ ခင်းကျင်းပြသထားသော ဝါးလက်မှုပစ္စည်းများအား ကြည့်ရှုစဉ်။

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းစုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲ ပျဉ်းမနားမြို့၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း စုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲကို ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားကာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းနာယက ဒေါက်တာဒေါ်စိန်စိန်သိမ်း က သဘာဝပတ်ဝန်းကျင်ရေးရာ သိကောင်းစရာများ အကြောင်းနှင့် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းဝင်းက ဝါးအကြောင်း သိကောင်းစရာများအကြောင်း ဟောပြောကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝါးလက်မှုအချောထည်ပစ္စည်းများ၊ ဝါးပရိဘောဂပစ္စည်းများနှင့် ဝါးထုတ်ကုန်ပစ္စည်းစုစုပေါင်း အရောင်းပြခန်း ၂၀၊ ဝါးထုတ်ကုန်ပစ္စည်း ၁၀၀ ကျော် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း စုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ ဝါးနှင့်ပတ်သက်၍ နိုင်ငံခြားဝင်ငွေရရှိစေရန်၊ တစ်နိုင်ငံလုံးရှိ ဝါးအသင်းသားများ ဝါးကိုချစ်မြတ်နိုးသူများ တစ်စုတစ်စည်းတည်း တွေ့ဆုံနိုင်ပြီး ဝါးနှင့်ပတ်သက်သည့် အသိပညာများ ဖလှယ်နိုင်ရန်၊ အခက်အခဲများ ဆွေးနွေးအဖြေရှာနိုင်ရန်၊ ကျေးလက်နေပြည်သူများ ဝါးမှ နေ့စဉ်ဝင်ငွေရရှိစေရန်၊ ဝါးကို ပလတ်စတစ်နှင့် စတီးနေရာများတွင် အစားထိုးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအနှံ့အပြားမှ ဝါးနှင့်ပါဝင်ပတ်သက်သူများ၊ ပြည်သူများ၊ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်က ပျဉ်းမနားမြို့၌ စတင်တည်ထောင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းထံမှသိရသည်။

ဟိန်းထက်ဇော် (မြန်မာ့အလင်း)
ဓာတ်ပုံ - ဇော်ဘီ

တရုတ်သွားမည့်ပို့ကုန်ယာဉ်များ မူဆယ်နှင့်(၁၀၅)မိုင်အကြား အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့်အတွက် ကုန်တင်ယာဉ်မောင်းများ အခက်ကြုံ

မူဆယ် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)တရုတ် - မြန်မာနယ်စပ်တွင် တရုတ်သွားမည့် ပို့ကုန်ယာဉ်များ မူဆယ်မန်ဝိန်းဂိတ်မှစ၍ (၁၀၅)မိုင်အထိ အချိန်ကြာမြင့်စွာ တန်းစီ စောင့်ဆိုင်းနေရသည့်အတွက် ကုန်တင်ယာဉ်မောင်းများ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။ တိုက်ပွဲကာလအတွင်း ပို့ကုန်ယာဉ်များ ရပ်နားနေပြီး ယခုအချိန်တွင် လမ်းပိုင်းဆက်သွယ်မှု ကောင်းမွန်လာသည့်အတွက် ကုန်တင်ယာဉ်များ စုပြုံဝင်ရောက်လာခြင်းဖြစ်သည်။

မူဆယ်နှင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အကြား ပိတ်မိနေသည့်ယာဉ်များကို တွေ့ရစဉ်။

အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရ

အဆိုပါ ပို့ကုန်ယာဉ်များသည် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများအား ဂျူတီဆောင်ပြီး မူဆယ် ကျယ်ဂေါင်ဘက်သို့ထွက်ခွာလာစဉ် ကုန်တင်ယာဉ်များတစ်စီးနှင့်တစ်စီး စည်းကမ်းမရှိ ကျော်တက်မောင်းနှင်ခြင်း၊ မူဆယ်မြို့အတွင်း ယာဉ်လမ်းကြောကျဉ်းမြောင်းခြင်း၊ တရုတ်နိုင်ငံ အဝင်၊ အထွက်ဂိတ်တွင် ကုန်တင်ယာဉ်မောင်းများအား စာရွက်စာတမ်းများ စစ်ဆေးရာတွင် အနည်းဆုံး ကုန်တင်ယာဉ်တစ်စီးလျှင် ၁၀ မိနစ်ခန့်ကြန့်ကြာနေခြင်းနှင့် သုံးဘီးဆိုင်ကယ်များမှာလည်း အဆိုပါဂိတ်မှ ပေးဝင်ခြင်းတို့ကြောင့် ယာဉ်များစုပြုံသွားပြီး ကုန်တင်ယာဉ်များ မန်ဝိန်းဂိတ်မှစတင်၍ ကားလေးကွင်းမြို့ပတ်လမ်းတစ်လျှောက် အိုရီယံတယ်ဟိုက်ဝေးဂိတ်၊ နမ့်ခွမ်နှင့် အထက်တုန်ခန်၊ အောက်တုန်ခန်ကုန်သွယ်ရေးဇုန် (မူဆယ်) မောင်းတံဂိတ်တို့တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ် မန်ဝိန်းဂိတ်မှ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် မူဆယ်မောင်းတံဂိတ်အနီးထိ မြန်မာဘက်မှ ပို့ကုန်ယာဉ် အစီးရေ ၅၀၀ ထက်မနည်း အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရသည့်အတွက် ကုန်တင်ကားဆရာများ ကျန်းမာရေးအပါအဝင် စားသောက်ရေး၊ အခြားအခက်အခဲများလည်း ရှိနေကြောင်း သိရသည်။

မူဆယ်-မန္တလေး လမ်းပိုင်းတွင် ကုန်တင်ယာဉ်မောင်းများ ဖြစ်သည့် ကိုမင်းဟိန်းကိုနှင့် ကိုအောင်နိုင်လင်းတို့က "ပြီးခဲ့တဲ့ ရက်တွေမှာ တိုက်ပွဲတွေဖြစ်နေတဲ့အတွက် ကားနားနေတာပါ။ အခုတော့ လမ်းပွင့်သွားလို့ မူဆယ်ဘက်ကို ပြန်တက်လာတာ။ ပြီးတော့ အတက်ကားခစျေးနှုန်းထက် အဆင်းကားခစျေးနှုန်းက ပိုပြီးရတဲ့အတွက် ကားသမားတွေ ဒီအချိန်မှာ အလုအယက်မောင်းနေကြတာဖြစ်ပါတယ်။ ၁၀၅ မိုင်နဲ့ဆို ၇ မိုင်ပဲဝေးတာ။ တကယ်မောင်းရင် နာရီဝက်လောက်ပဲကြာတဲ့ခရီးမှာ တန်းစီနေရတာ သုံးရက်လောက်ရှိသွားပြီ"ဟု ပြောသည်။

ပြောကြား

ယနေ့ မူဆယ်ခရိုင်အတွင်း ပြည်ထောင်စုလမ်းမကြီးနှင့် မူဆယ်မြို့တွင် မြို့ရှောင်လမ်းဆုံရာမှ ကုန်တင်ယာဉ်ကြီးများ ယာဉ်လမ်းရှင်းလင်းရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် မူဆယ်မြို့မှ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့သို့ ထွက်သည့် မန်ဝိန်းပေါက်မှ ပြည်ထောင်စုလမ်းမကြီးနှင့် မူဆယ်မြို့ရှောင်လမ်းဆုံအထိ လည်းကောင်း၊ ထို့နောက် ပြည်ထောင်စုလမ်းမကြီးနှင့် မြို့ရှောင်လမ်းဆုံအထိ လည်းကောင်း၊ ထို့ပြင် မူဆယ်မြို့အဝင် အိုရီယံတယ်ဟိုင်းဝေးတိုးဂိတ်အထိနှင့် မူဆယ်မြို့အဝင် အိုရီယံတယ်တိုးဂိတ်မှ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အထိ လည်းကောင်း အပိုင်းသုံးပိုင်းခွဲပြီး ယာဉ်ကြောရှင်းလင်းရေးဆောင်ရွက်နေပြီး ယခုအချိန်အထိ ယာဉ်အစီးရေ ၅၀၀ ခန့်ပိတ်မိနေကြောင်း အမှတ်(၁၂၃) မူဆယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်စိန်က ပြောကြားသည်။

သန့်ဇင်(မူဆယ်)

ဟိုင်းကြီးကျွန်းမြို့အနီး စက်ပျက်ပြီးမျောပါနေသော ရေယာဉ်တစ်စင်းပေါ်မှ သီရိလင်္ကာနိုင်ငံသားငါးဦးကို ကယ်ဆယ်နိုင်ခဲ့

ဟိုင်းကြီးကျွန်း စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ သမီးလုကျွန်း၏ အရှေ့တောင်ဘက် ၁၈ မိုင်ခွဲခန့်အကွာတွင် စက်တင်ဘာ ၁၇ရက် ညနေပိုင်းက စက်ပျက်ပြီး မျောပါနေသော သီရိလင်္ကာနိုင်ငံမှ ငါးဖမ်းရေယာဉ်တစ်စင်းနှင့်အတူ ရေလုပ်သားငါးဦးကို တပ်မတော်ရေမှ စစ်ရေယာဉ်က တွေ့ရှိ၍ ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။

အဆိုပါ သီရိလင်္ကာနိုင်ငံသားငါးဦးကို ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးဝင်းသန်းထွန်းက ငါးဖမ်းရေယာဉ်နှင့်အတူ မြို့အုပ်ချုပ်ရေးမှူးရုံးအဖွဲ့၊ ဒုလဝကမှူး ဦးမင်းဟိန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့ထံသို့ ယင်းနေ့ညပိုင်းတွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် သီရိလင်္ကာနိုင်ငံသားငါးဦးအား ဟိုင်းကြီးကျွန်းမြို့သို့ ခေါ်ဆောင်လာခဲ့ကြကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် ခေတ္တနားခိုရန် စီစဉ်ပေးထားကြောင်း သိရသည်။

အဆိုပါ ငါးဖမ်းရေယာဉ်မှာ သီရိလင်္ကာနိုင်ငံမှ ထွက်ခွာလာသည့် Nisadhi MUL-A-0356 GLE အမည်ရှိ တူနာငါးဖမ်းရေယာဉ်ဖြစ်ပြီး လှေဦးစီး K.B Santha အပါအဝင် ရေလုပ်သားငါးဦးဖြင့် သီရိလင်္ကာနိုင်ငံ Matara မြို့မှ ဩဂုတ် ၁ ရက်က စတင်ထွက်ခွာလာခဲ့ကာ Matara မြို့နှင့် မိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်သို့အရောက် ဩဂုတ် ၁၀ ရက်တွင် ရေယာဉ်စက်ပျက်သွားခဲ့ကြောင်း၊ ထို့နောက် ပင်လယ်ပြင်၌ မျောပါနေခဲ့ပြီး စက်တင်ဘာ ၁၇ ရက်တွင် စစ်ရေယာဉ်က ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်း လှေဦးစီး K.B Santha က ပြောသည်။ အဆိုပါ ရေလုပ်သားများအားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ၎င်းတို့ကို ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ဒုလဝကမှူး ဦးမင်းဟိန်းက ပြောကြားသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ရောဘတ် အိုဘရီယန်ကို ခန့်အပ်မည်

ဝါရှင်တန် စက်တင်ဘာ ၁၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဓားစာခံရေးရာ အဆင့်မြင့်အရာရှိ ရောဘတ်အိုဘရီယန်ကို အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

အိုဘရီယန်သည် ဒေါ်နယ်ထရမ့်အစိုးရလက်ထက်တွင် တတိယမြောက် အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ်အဖြစ် ဂျွန်ဘော်လ်တန်၏ နေရာ၌ ဝင်ရောက်လာတော့မည်ဖြစ်သည်။

ရောဘတ်အိုဘရီယန်သည် ကာလကြာရှည်စွာ လုပ်ငန်းများ ကြိုးစားလုပ်ဆောင်ခဲ့ကြောင်းနှင့် ၎င်း၏တာဝန်ကို အကောင်းဆုံးထမ်းရွက်လိမ့်မည်ဟု ယုံကြည်ကြောင်း သမ္မတထရမ့်က ဖြည့်စွက်ပြောကြားခဲ့သည်။

ရောဘတ် အိုဘရီယန်သည် ယခင်အစိုးရအဖွဲ့များအတွင်း ရာထူးတာဝန် အများအပြား ထမ်းဆောင်ခြင်းမပြုမီ ရှေ့နေတစ်ဦးအနေဖြင့် လုပ်ကိုင်ခဲ့ကြောင်းသိရသည်။

အမျိုးသားလုံခြုံရေးအကြံပေးနေရာအတွက် နောက်ဆုံးလျာထားသူ ငါးဦးအနက် ထရမ့်က ၎င်းကိုရွေးချယ်လိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

အမေရိကန်၌ အမျိုးသားလုံခြုံရေးအကြံပေးရာထူးခန့်အပ်မှုတွင် ဆီးနိတ်လွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုအပ်ကြောင်း သိရသည်။

ဆင်ဟွာ

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးနေရာအတွက် ရွေးချယ်ခံရသည့် ရောဘတ် အိုဘရီယန်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့တွေ့ဆုံ

မော်စကို စက်တင်ဘာ ၁၉

တရုတ်ဝန်ကြီးချုပ် လီခချန်းသည် တရုတ်နှင့် ရုရှား နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ရုရှားနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးစဉ် ရောက်ရှိနေသည်ဖြစ်ရာ ထိုသို့ရောက်ရှိနေစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကရင်မလင်နန်းတော်၌ တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံသို့ တရုတ်ဝန်ကြီးချုပ် လာရောက်မှုသည် နှစ်နိုင်ငံ အစိုးရအချင်းချင်း စီးပွားဆက်ဆံမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွန်းအားတစ်ရပ်ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း စက်တင်ဘာ ၁၈ ရက်က မစ္စတာလီခချန်းနှင့် တွေ့ဆုံစဉ် သမ္မတပူတင်က ပြောကြားခဲ့သည်။ တရုတ်သတင်းမီဒီယာအချို့၌ တရုတ်ဝန်ကြီးချုပ်လီသည် အမေရိကန်နှင့် ဖြစ်ပွားသည့် ကုန်သွယ်ရေးစစ်ပွဲမှ ရိုက်ခတ်မှု အရှိန်အဟုန်လျော့ကျသွားစေရန် ကြိုးပမ်းလျက်ရှိကြောင်း ဖော်ပြထားသည်။

ယမန်နေ့က ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒက်နှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့ တွေ့ဆုံခဲ့စဉ် ရုရှားဝန်ကြီးချုပ်က လာမည့်ငါးနှစ်အတွင်း နှစ်နိုင်ငံ နှစ်စဉ်ကုန်သွယ်မှုတန်ဖိုးကို နှစ်ဆမြှင့်တင်နိုင်ရန် ရည်မှန်းချက်ထားသင့်ကြောင်း ပြောကြားခဲ့သည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အစ္စရေးရွေးကောက်ပွဲ၌ အဓိကပါတီကြီးနှစ်ရပ်လုံး မဲအများစုမရရှိသည့်အတွက် ညွန့်ပေါင်းအစိုးရဖွဲ့ရန် အခက်တွေ့

ဂျေရုဆလင် စက်တင်ဘာ ၁၉

အစ္စရေးနိုင်ငံတွင် ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်က အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ရာ ဆန္ဒမဲရလဒ်များအားလုံး၏ ၉၅ ရာခိုင်နှုန်း ရေတွက်ပြီးစီးခဲ့ပြီးနောက် ထွက်ပေါ်လာသည့် ရွေးကောက်ပွဲရလဒ်အရ အဓိက နိုင်ငံရေးပါတီကြီးနှစ်ခုမှာ သောင်မတင်ရေမကျအခြေအနေနှင့် ကြုံတွေ့ခဲ့ရကြောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၈ ရက် ညတွင် ပြောကြားခဲ့သည်။

မဲရလဒ်များအရ ဝန်ကြီးချုပ်နေတန်ယာဟု၏ လီကွတ်ပါတီသည် အမတ်နေရာ ၃၂ နေရာရရှိခဲ့ပြီး အတိုက်အခံခေါင်းဆောင် ဘန်နီဂန့်ဇ် ဦးဆောင်သည့် Blue and White ပါတီက အမတ်နေရာ ၃၃ နေရာရရှိခဲ့သည်။

ထို့ပြင် ယင်းပါတီနှစ်ခုစလုံးသည် မဟာမိတ်ပါတီများ၏ အမတ်နေရာများနှင့် ပူးပေါင်းဖွဲ့စည်းခဲ့သော်လည်း ပါလီမန်၌ အမတ်နေရာ ၅၆ နေရာစီသာ အသီးသီး ရရှိခဲ့ကြသည်။

နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရ

အစ္စရေးနိုင်ငံ၌ မည်သည့်နိုင်ငံရေး ပါတီဖြစ်စေ အစိုးရဖွဲ့စည်းရန် လွှတ်တော်အမတ်နေရာ ၁၂၀ အနက် အများစုဖြစ်သည့် ၆၁ နေရာကိုရရှိရန် လိုအပ်မည်ဖြစ်ရာ ယခုအခါ အဓိကနိုင်ငံရေးပါတီကြီး နှစ်ရပ်လုံးက မဲအများစုကို မရရှိခဲ့ကြသည့်အတွက် နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် ၎င်း၏ပါတီအနေဖြင့် အစိုးရဖွဲ့ရန် လိုအပ်သည့် အမတ်နေရာကို မရရှိခဲ့သော်လည်း လက်ယာစွန်းညွန့်ပေါင်းအစိုးရဖွဲ့နိုင်ရေးဦးဆောင်သွားမည်ဖြစ်ကြောင်းနှင့် ၎င်း၏ဦးဆောင်မှုမပါရှိသည့် မည်သည့်အစိုးရအဖွဲ့ကိုဖြစ်စေ ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။

အချိန်ကြာမြင့်စွာ ညှိနှိုင်းရဖွယ်ရှိ

ရွေးကောက်ပွဲရလဒ် ထွက်ပေါ်လာပြီးနောက် သောင်မတင်ရေ မကျဖြစ်နေသည့် နိုင်ငံရေးအခြေအနေကြောင့် ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းရန် အချိန်ကြာမြင့်စွာ ညှိနှိုင်းရဖွယ်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ခဲ့သည်။ **ဆင်ဟွာ**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု။

တောမီးလောင်ရာမှ ပေါ်ထွက်လာသည့် မီးခိုးမြူများကြောင့် အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် စာသင်ကျောင်းများ ပိတ်ထားရ

ဂျကာတာ စက်တင်ဘာ ၁၉

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်မှုမှ အဆိပ်ရှိသော မီးခိုးမြူများ ထွက်ပေါ်နေမှုကြောင့် လေထုအရည်အသွေး ဆိုးရွားနေသည့်အပြင် မလေးရှားနိုင်ငံ၌လည်း မီးခိုးမြူများ ထူထပ်စွာဖြစ်ပေါ်နေသည့်အတွက် စက်တင်ဘာ ၁၈ ရက်တွင် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းအများအပြားကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

စူမားတြားကျွန်းနှင့် ဘော်နီယိုကျွန်းတို့တွင် တောမီးအကြီးအကျယ်လောင်လျက်ရှိပြီး အင်ဒိုနီးရှားအစိုးရက တောမီးလောင်မှုကို ထိန်းချုပ်ဆောင်ရွက်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို စေလွှတ်ခဲ့ကာ တောမီးငြိမ်းသတ်ရန် လေယာဉ်များကိုလည်း စေလွှတ်ခဲ့သည်။ စိုက်ပျိုးမြေဖော်ထုတ်ရန်အတွက် တရားမဝင် မီးရှို့မှုများကြောင့် တောမီးလောင်ရခြင်း ဖြစ်ကြောင်း သိရသည်။

တောမီးလောင်မှုကြောင့် မီးခိုးမြူများထူထပ်စွာ ဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

အင်ဒိုနီးရှား၌ တောမီးလောင်မှုကို နှစ်စဉ်ကြုံတွေ့ရမြဲ ဖြစ်သော်လည်း ယခုနှစ် တောမီးလောင်မှုအခြေအနေမှာ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပွားသည့် အဆိုးရွားဆုံးတောမီးလောင်မှုဖြစ်သည်။ တောမီးလောင်မှု အကြီးအကျယ်ဖြစ်ပွားနေသည့် အင်ဒိုနီးရှားနိုင်ငံ၌ လေထု အရည်အသွေးမှာ အန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိနေပြီး မီးခိုးမြူများထူထပ်မှုကြောင့် စာသင်ကျောင်းများကို ပိတ်ထားရသည့်အပြင် လေကြောင်းခရီးစဉ်များကိုပါ ဖျက်သိမ်းခဲ့ရသည်။

ထို့ပြင် မလေးရှားကျွန်းဆွယ်တစ်လျှောက်၌လည်း လေထုအရည်အသွေးကျဆင်းမှုမှာ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အဆင့်အထိရောက်ရှိနေကြောင်း မလေးရှားအစိုးရအဖွဲ့က စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ နိုင်ငံတစ်ဝန်းလေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းပေါင်း ၁၂၀၀ ကို ပိတ်ထားခဲ့ရကြောင်း သိရသည်။ **အေအက်ဖ်ပီ**

နိုင်ငံတကာ သတင်းတိုထွာ

ဂျပန်နိုင်ငံသို့ တောင်ကိုရီးယားခရီးသည် လာရောက်မှုကျဆင်း

ဆိုးလ် စက်တင်ဘာ ၁၉

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဂျပန်နိုင်ငံသို့ တောင်ကိုရီးယားခရီးသည် လာရောက်မှု ဦးရေ ၃၀၈၇၀၀ သာရှိပြီး ယခင်နှစ် အလားတူ ကာလကထက် ၄၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ဂျပန်ခရီးသွား လုပ်ငန်းအဖွဲ့အစည်း၏ ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ဩဂုတ်လအတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် ခရီးသွားအရေအတွက် စုစုပေါင်းမှာ ၂ ဒသမ ၂၅ သန်းခန့်ရှိပြီး ယခင်နှစ်ကထက် ၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ယင်းပမာဏသည် ၁၁ လအတွင်း ပထမဆုံးအကြိမ် ကျဆင်းမှု ဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လကလည်း ဂျပန်သို့ လာရောက်သည့် တောင်ကိုရီးယား ခရီးသည်အရေအတွက် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေး တင်းမာမှုကြောင့် ဆက်ဆံရေးယိုယွင်းလာခြင်းက ခရီးသွားလုပ်ငန်းကို ထိခိုက်စေခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အိန္ဒိယနိုင်ငံ၌ အီးစီးကရက်ရောင်းချမှုကို ပိတ်ပင်ကြောင်း ကြေညာ

နယူးဒေလီ စက်တင်ဘာ ၁၉

အိန္ဒိယနိုင်ငံ၌ အီးစီးကရက်ထုတ်လုပ်မှု၊ တင်သွင်းမှုနှင့် ရောင်းချမှုများအားလုံးကို ပိတ်ပင်တားမြစ်သည့် အမိန့်တစ်ရပ်ကို အိန္ဒိယအစိုးရအဖွဲ့က ကြေညာလိုက်ကြောင်းသိရသည်။

ကျန်းမာရေးကို ထိခိုက်စေသည်ဟု ဆိုကာ ထိုသို့ ပိတ်ပင်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အီးစီးကရက်များသည် လူငယ်များအပေါ် ဆိုးကျိုးသက်ရောက်စေသည့်အတွက် ပိတ်ပင်ရန် အမိန့်တစ်ရပ်ကို အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နာမာလာ စီသာရာမန်က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ဆေးလိပ်သောက်သုံးသူ လူငယ် သန်း ၁၀၀ ကျော်ရှိသည်ဖြစ်ရာ ဆေးလိပ်သောက်သုံးသူလူငယ် အရေအတွက်များပြားမှုက အီးစီးကရက်ကုမ္ပဏီများအတွက် ဈေးကွက်ကြီးတစ်ခုကို ဖန်တီးပေးလျက်ရှိသည်။

အီးစီးကရက်အတွင်း၌ ရှူသွင်းနိုင်သည့် နီကိုတင်း၊ ရေ၊ ပျော်ဝင်ပစ္စည်းနှင့် အမွှေးရနံ့များ ထည့်သွင်းထားမှုကို တွေ့ရှိရသည့်အတွက် ဆေးလိပ်ဖြတ်ရာတွင် အထောက်အကူပြုနိုင်သည်မှန်သော်လည်း ကျန်းမာရေးကို မည်သို့ ဆိုးကျိုးသက်ရောက်စေသည်ကို ယခုအချိန်အထိ အပြည့်အဝဖော်ပြနိုင်ခြင်း မရှိသေးပေ။

အီးစီးကရက် ထုတ်လုပ်မှု၊ တင်သွင်းမှုနှင့် ရောင်းချမှုတို့ကို ပိတ်ပင်လိုက်သည့် အမိန့်ကိုဖောက်ဖျက်ပါက ထောင်ဒဏ် သုံးနှစ်နှင့်အထက် ကျခံရနိုင်ကြောင်း သိရသည်။

အေအက်ဖ်ပီ

ဆော်ဒီရေနံချက်စက်ရုံတွေ တိုက်ခိုက်ခံရမှုနောက်ကွယ်

— — ကလျာမိုးမြင့် — —

ယခုရက်ပိုင်းအတွင်း ဖြစ်ပျက်သွားတဲ့ ဆော်ဒီရေနံချက်စက်ရုံနှစ်ခု တိုက်ခိုက်ခံရမှုမှာ အီရန်ပါဝင်ပတ်သက်နေတယ်ဆိုတာကို သက်သေထူနေတဲ့ ဒရုန်းယာဉ်အပျက်အစီးတချို့နဲ့ ခရုစ်ဒုံးကျည် အစိတ်အပိုင်းတွေကို ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြသခဲ့ပါတယ်။

ဆော်ဒီရေနံချက်စက်ရုံတိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် ခရုဇ်ဒုံးကျည်တစ်စင်း၏ အစိတ်အပိုင်းများကို ပြသထားစဉ်။

လက်တုံ့ပြန်မယ်

ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ပြောပုံအရ ဒရုန်းယာဉ် ၁၈စင်းနဲ့ ခရုစ်ဒုံးကျည်ခုနစ်စင်းတို့ကို လားရာတစ်ခုကနေ ဦးတည်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယီမင်ကနေ မဟုတ်ဘူးလို့ သိရပါတယ်။ ယီမင်ရှိ အီရန်မဟာမိတ်ပြုထားတဲ့ ဟူသီသူပုန်အဖွဲ့ကတော့ တိုက်ခိုက်မှုနောက်ကွယ်မှာ ၎င်းတို့ စီမံခဲ့တာလို့ ဆိုခဲ့ပါတယ်။ ဒီကိစ္စမှာ အီရန်က လုံးဝပါဝင်ပတ်သက်ခြင်း မရှိဘူးလို့ ငြင်းဆန်ခဲ့တဲ့အပြင် ၎င်းကိုပစ်မှတ်ထားပြီး လုပ်ဆောင်လာတဲ့ တိုက်ခိုက်မှုမှန်သမျှကို လက်တုံ့ပြန်မှာ ဖြစ်တယ်လို့လည်း သတိပေးထားပါသေးတယ်။

စစ်မက်တိုက်ခိုက်ခြင်းလား

အီရန်က ဘယ်လိုပဲ ငြင်းဆန်နေလင့်ကစား အမေရိကန်ကတော့ တိုက်ခိုက်မှုကို ကြိုးကိုင်ခဲ့သူဟာ အီရန်မှအီရန်ပဲလို့ တစ်ထစ်ချပြောဆိုနေဆဲပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ရေးအရ ဘယ်လိုတွေ တုံ့ပြန်ဆောင်ရွက်မယ်ဆိုတာကို ဆွေးနွေးဖို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ ဆော်ဒီအာရေဗျသို့ ရောက်ရှိပြီး တော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အီရန် ပါဝင်ပတ်သက်ခဲ့တဲ့ အဲဒီတိုက်ခိုက်မှုဟာ စစ်ပြုလိုက်တဲ့သဘော ဖြစ်တယ်လို့ မစ္စတာပွန်ပီအိုက သတ်မှတ်လိုက်ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒီကိစ္စနဲ့ ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်မယ့် နည်းလမ်းတွေ အများကြီးရှိတယ်။ အချိန်တန်တဲ့အခါ ဒါကို တွေ့ရမယ်။ ကျွန်ုပ်တို့ဟာ အင်မတန်အားကောင်းတဲ့ ရပ်တည်မှုအခြေအနေဘက်မှာ ရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

ဘယ်လိုအထောက်အထားတွေ တွေ့ခဲ့သလဲ

ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနက တွေ့ရှိခဲ့တဲ့ သက်သေအထောက်အထားတွေကို သတင်းစာရှင်းလင်းပွဲမှာ အကျဉ်းချုံးတင်ပြခဲ့ပြီး အဲဒီထဲမှာ ဒရုန်းယာဉ်အပျက်အစီးတွေနဲ့ ဒုံးကျည်တိုက်ခိုက်မှုပြုလုပ်ခဲ့တဲ့ နေရာကိုလည်း ပြသခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကိုလ်တာကီအယ်လ်မော်လ်ကီက တိုက်ခိုက်မှုတွေကို မြောက်ဘက်ကနေလုပ်ဆောင်ခဲ့တယ်ဆိုတာကို သက်သေအထောက်အထားတွေက ဖော်ပြနေပြီး ဒါကိုအီရန်က ထောက်ပံ့ကူညီပေးခဲ့တယ်ဆိုတာ မေးခွန်းထုတ်စရာတောင် မလိုဘူးလို့ ပြောကြားခဲ့ပါတယ်။

အီရန်ကလို့ဖော်ပြနေ

ဘယ်နေရာကနေ ဒရုန်းယာဉ်တွေကိုပစ်လွှတ် တိုက်ခိုက်ခဲ့တယ်ဆိုတာကို အတိအကျသိရဖို့ ဆော်ဒီကဆက်ပြီး ကြိုးစားထောက်လှမ်း နေတယ်လို့ ၎င်းက ဆိုပါတယ်။ အပျက်အစီးတွေထဲမှာ အီရန်ရဲ့ UAV ဒရုန်းယာဉ်ကလို့ ယူဆရတဲ့ တောင်ပံတစ်ခုလည်း ပါနေတယ်။ ကွန်ပျူတာတွေကနေ သိရှိရတဲ့ အချက်အလက်တွေက ဒါဟာ အီရန်နိုင်ငံကဆိုတာ ဖော်ပြနေတယ်လို့ ကိုလ်မယ်လ်ကီက ရှင်းလင်းပြောကြားခဲ့ပါတယ်။

UAV ဒရုန်းယာဉ် ၁၈ စင်းကို Abqaiq ရေနံချက်စက်ရုံဆီ ပစ်ခတ်ခဲ့ပြီး ခရုစ်ဒုံးကျည် ခုနစ်စင်းကို စက်ရုံနှစ်ခုလုံးဆီ ချိန်ရွယ်ပစ်ခတ်ခဲ့တယ်။အဲဒီလိုပစ်ခတ်ခဲ့ရာမှာ ခရုစ်ဒုံးကျည်လေးစင်းဟာ Khurais ရေနံသန့်စင်စက်ရုံကို ထိမှန်ခဲ့ပြီး နောက်ထပ် သုံးစင်းကတော့ Abqaiq ကို ထိမှန်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အသေးစိတ်သိအောင်လုပ်မယ်

တိုက်ခိုက်လာသမျှ ဒုံးကျည်တွေအားလုံး မြောက်ဘက်ဆီကနေ ဦးတည်လာခဲ့တာချည်းပဲ ဖြစ်တယ်လို့ ၎င်းကပြောကြားခဲ့ပြီး UAV ဒရုန်းယာဉ်တစ်စင်း Abqaiqကို ထိမှန်ခဲ့တဲ့ ဗီဒီယိုဖိုင်နဲ့ အတူ ထိခိုက်ပျက်စီးသွားတဲ့ တည်နေရာရဲ့မြေပုံနဲ့ ပုံရိပ်တွေကိုပါ တစ်ဆက်တည်း ပြသခဲ့ပါတယ်။ အခုချိန်အထိတော့ ဒရုန်းယာဉ်တွေနဲ့ ခရုစ်ဒုံးကျည်တွေပစ်လွှတ်ခဲ့တဲ့ တည်နေရာအသေးစိတ်ကို မဖော်ပြနိုင်သေးပေမယ့် သေချာပြီလို့ ဆုံးဖြတ်နိုင်ပြီဆိုတာနဲ့ ဒါကို ကြေညာသွားမှာ ဖြစ်တယ်လို့ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါတယ်။

တာဝန်ယူသင့်

အီရန်က တိုက်ခိုက်မှုကို တခြားသူက လုပ်တယ်လို့ ထင်ရအောင် အကောင်းဆုံး ကြိုးပမ်းခဲ့တာဖြစ်ပေမယ့်လည်း ၎င်းတို့ရဲ့ အစွယ်အပွားတွေနဲ့ ဒီလိုထင်မြင်ရအောင် အတူပူးပေါင်းဖန်တီးခဲ့တယ်ဆိုတဲ့အချက်ကို ထင်ထင်ရှားရှား မြင်နေရတယ်။ အီရန်ရဲ့ ယခုတိုက်ခိုက်မှုဟာဆိုရင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုလုံးကို စော်ကားလိုက်တာပဲ ဖြစ်တယ်။ ဒီတော့ ကိုယ်လုပ်ခဲ့တဲ့ လုပ်ရပ်အတွက် ကိုယ်တာဝန်ယူသင့်တယ်လို့ ဆော်ဒီဘက်က ဆိုထားပါတယ်။

ရေနံစက်ရုံတွေ တိုက်ခိုက်ခဲ့မှု နောက်ကွယ်မှာ အီရန်ရှိတယ်ဆိုတာကို သေချာပေါက် ယုံကြည်တယ်လို့ အမေရိကန်က ဖော်ပြနေပေမယ့်လည်း သမ္မတထရမ့်အနေနဲ့ စစ်ရေးအရ တုံ့ပြန်ဆောင်ရွက်မှုလုပ်ဖို့ သိပ်ပြီးစိတ်အားထက်သန်တော့ မရှိလှပါဘူး။ သမ္မတထရမ့်က ဘာပြောခဲ့လဲဆိုတော့ စစ်မက်ရေးရာ ပဋိပက္ခတစ်ခုဖြစ်လာဖို့ ဘာမှမခက်ဘူး။ ဒါပေမယ့် အရှေ့အလယ်ပိုင်းကနေရတဲ့ တခြားသင်ခန်းစာတွေက နောက်ပိုင်းမှာ ပိုမိုခက်ခဲလာတယ်ဆိုတာကို သက်သေထူနေတယ်လို့ ဆိုပါတယ်။

ပိတ်ဆို့မှုတွေ ထပ်တိုးဖို့ရှိ

ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနက တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ မပြုလုပ်မီမှာ သမ္မတထရမ့်က ဒီတိုက်ခိုက်မှုဖြစ်ပြီးနောက် ၎င်းအနေနဲ့ အီရန်အပေါ် အမေရိကန်ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုကို ထပ်တိုးဖို့ ဘဏ္ဍာရေးဌာနကို ညွှန်ကြားထားတယ်လို့ ပြောကြားခဲ့ပါတယ်။ ဘယ်လိုတွေ တိုးမြှင့်မလဲဆိုတဲ့ အသေးစိတ်ကိုတော့ ၄၈ နာရီအတွင်း ထပ်မံဖော်ပြသွားမယ်လို့လည်း ဆိုပါတယ်။ လတ်တလော လုပ်ဆောင်နေတဲ့ ပိတ်ဆို့မှုတွေဟာ ဆိုရင်တော့ဖြင့် အတော်လေးကျယ်ပြန့်လာနေပြီး အီရန်ရဲ့ရေနံ ထုတ်လုပ်မှုကို လျှော့ချဖို့နဲ့ အီရန်စီးပွားရေးကို အခက်အခဲဖြစ်လာစေဖို့ ရည်ရွယ်တဲ့ ပိတ်ဆို့မှုတွေ ဖြစ်ပါတယ်။

အီရန်အရေးကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုနည်းဗျူဟာတွေ အသုံးပြုကြမလဲဆိုတာကို ဆွေးနွေးဖို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ ဆော်ဒီအာရေဗျနိုင်ငံကို ရောက်ရှိနေခဲ့ပြီး ဆော်ဒီ ဘုရင်မင်းမြတ် ဆယ်လ်မန်ရဲ့သားဖြစ်တဲ့ တော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်နဲ့အတူ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

ကုလသမဂ္ဂစုံစမ်းနေပြီ

ကုလသမဂ္ဂအဖွဲ့ကြီးက ကျွမ်းကျင်သူတွေဟာလည်းပဲ တိုက်ခိုက်မှုနဲ့ပတ်သက်လို့ စုံစမ်းစစ်ဆေးမှု တစ်ရပ်လုပ်ဆောင်ဖို့ ဆော်ဒီအာရေဗျဆီ သွားရောက်နေပြီဖြစ်တယ်လို့ ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်က ပြောကြားလိုက်ပြီး အကြီးအကျယ် ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေနဲ့ပတ်သက်လို့ သတိပေးလျက်ရှိပါတယ်။

အီရန်ဟာ ဆော်ဒီအာရေဗျနိုင်ငံနဲ့ ဒေသတွင်းယှဉ်ပြိုင်ဘက်နိုင်ငံတစ်ခုပါ။ အီရန်ရဲ့နျူကလီးယား အစီအစဉ်တွေကို ထိန်းချုပ်ကန့်သတ်ဖို့ ရည်ရွယ်တဲ့ INF သဘောတူစာချုပ်ကနေ နုတ်ထွက်ကာ အီရန်အပေါ် ပိတ်ဆို့မှုတွေ ချမှတ်လာတဲ့ အမေရိကန်ကို အီရန်က အခဲမကျေဖြစ်နေပြီး နှစ်နိုင်ငံတင်းမာမှုတွေဟာ ဒီနှစ်အတွင်းမှာ အဆိုးဆုံး အခြေအနေလို့တောင် ဆိုရမလိုပါပဲ။

ပြီးခဲ့တဲ့ ဇွန်လနဲ့ ဇူလိုင်လအတွင်းမှာ ရေနံတင်သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရမှုအပြင် မေလက ရေနံတင်သင်္ဘောလေးစင်း တိုက်ခိုက်ခံရမှုတွေမှာ နောက်ကွယ်က လက်သည်ဟာ အီရန်ပဲဖြစ်တယ်လို့ အမေရိကန်က စွပ်စွဲထားပြီး အီရန်ကတော့ ဘာတိုက်ခိုက်မှုမှ မလုပ်ခဲ့ဘူးလို့ အခုချိန်ထိ ငြင်းဆန်နေဆဲပဲဖြစ်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

> "တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲမပြုလုပ်မီမှာ သမ္မတထရမ့်က ဒီတိုက်ခိုက်မှုဖြစ်ပြီးနောက် ၎င်းအနေနဲ့ အီရန်အပေါ် အမေရိကန်ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုကို ထပ်တိုးဖို့ ဘဏ္ဍာရေးဌာနကို ညွှန်ကြားထားတယ်လို့ ပြောကြားခဲ့ပါတယ်။ ဘယ်လိုတွေ တိုးမြှင့်မလဲဆိုတဲ့ အသေးစိတ်ကိုတော့ ၄၈ နာရီအတွင်း ထပ်မံဖော်ပြသွားမယ်"

မကွေးမြို့မှ လူထုအပန်းဖြေနေရာ ကန်သာကန်အတွင်း ငါးကောင်ရေငါးသောင်းထည့်သွင်းမွေးမြူ

မကွေး စက်တင်ဘာ ၁၉

၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းမှစ၍ လူထုအပန်းဖြေနေရာ တစ်ခုအဖြစ် စည်ကားလာခဲ့သော ကန်သာကန်အတွင်းသို့ ငါးကောင်ရေ ငါးသောင်းကို ယနေ့နံနက်ပိုင်းက ထည့်သွင်းမွေးမြူမှုများ ဆောင်ရွက်ခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ အောင်မိုးညို နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ ငါးလွှတ်မွေးမြူမှုများ ပြုလုပ်ခဲ့သည်။

ငါးသယံဇာတပေါကြွယ်ဝစေရန် ၂၀၁၈နှင့် ၂၀၁၉ ခုနှစ်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြစ်၊ ဆည်တမံ၊ ကျေးရွာရေကန်နှင့် စပါးစိုက်ခင်းများအတွင်း ငါးသားပေါက်ကောင်ရေ သိန်းတစ်ရာကျော် ထည့်သွင်းမှုများ လုပ်ဆောင်ခဲ့သော်လည်း လူထုအပန်းဖြေနေရာဖြစ်သည့် ကန်သာကန်သာယာလှပရေးအတွက် ငါးမွေးမြူမှုလုပ်ဆောင်ခြင်းမှာ အစိုးရသစ်လက်ထက်၌ ပထမဆုံးအကြိမ်ဖြစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ အောင်မိုးညို ကန်သာကန်အတွင်း ငါးမျိုးများ စိုက်ထည့်စဉ်။

"ကန်ရဲ့အလှအပအတွက် ငါးဦးစီးဌာနကနေ ငါးကောင်ရေငါးသောင်းကို ထည့်သွင်းခဲ့တာပါ။ ကန်သာကန်မှာ ငါးဖမ်းခွင့်ပြုမှာ မဟုတ်ပါဘူး။ ဥပဒေအရ သတိပေးဆိုင်းဘုတ်လေးတွေလည်း ထောင်ပါမယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးဝင်းမော်ဌေးက ပြောသည်။

ပြည်သူလူထုအတွက် အဓိက လုပ်ဆောင်ခြင်းဖြစ်သည့်အတွက် ဥစ္စာရင်လို၊ဥစ္စာရင်ခဲ ဆိုသည့် စကားပုံကဲ့သို့ မိမိတို့ကိုယ်တိုင် သာသာယာယာလှလှပပ ခံစားနိုင်ရန် စည်းကမ်းတကျဝိုင်းဝန်းထိန်းသိမ်းကြမည်ဆိုလျှင် အပန်းဖြေစရာ ကန်တော်ကြီးတစ်ခု ဖြစ်လာမည်ဟု မျှော်လင့်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူးဒေါက်တာ ယဉ်ယဉ်မိုးက ပြောသည်။

ဇေယျာတု(မကွေး)

စေတုတ္တရာမြို့နယ်၌ နေစွမ်းအင်ဖြင့် ကျေးရွာခြောက်ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမည်

စေတုတ္တရာ စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းရောက်ရှိနေသည့်နေရာမှစပြီး ၁၀ မိုင် အထက်တွင်ရှိသော ကျေးရွာခြောက်ရွာ၌ တစ်အိမ်သုံး နေစွမ်းအင်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာခြောက်ရွာမှာ လုံးကြီးအနောက်၊ အပေါ၊ ဒိုင်း၊ နန်ကြူ၊ ညောင်ပင်ကျင်း၊ ပေါင်ချောင် ကျေးရွာများဖြစ်ကြသည်။ ယင်းကျေးရွာ ခြောက်ရွာ၌ ရှိသည့် အိမ်ခြေ ၂၁၈ အိမ်အတွက် ဆိုလာ ဝပ် ၆၀ (၁၈၈ ယူနစ်)၊ ဝပ် ၁၀၀ (၃၀ ယူနစ်) ကို တပ်ဆင်ပေးမည်ဖြစ်ပြီး မူလတန်းကျောင်းသုံးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း တစ်ခု၊ လမ်းမီးတိုင် ၂၄ တိုင်နှင့် ဘာသာရေးအဆောက်အအုံ ခြောက်ခုအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်ဆင်မှုအပိုင်းများကို စက်တင်ဘာလ တတိယပတ်တွင် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ်အတွင်း တစ်အိမ်သုံးဆိုလာ စနစ်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ငလဲ၊ ခွေးမလောင်၊ ကျောက်မွဲ၊ ပွင့်တောက်၊ အလယ်ဟန်ဒေါက်၊ နတ်ကြီး၊ အာယော၊ ကြီးအုံ၊ မကြီး၊ ချီ စသည့် ကျေးရွာ ၁၀ ရွာ၌ရှိသည့် အိမ်ခြေ ၁၀၇၂ အိမ်ကို တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် ဝပ် ၆၀ ဆိုလာ ၇၂၁ လုံး၊ ဝပ် ၁၀၀ ဆိုလာ ၃၅၁ လုံးနှင့် အများပြည်သူပိုင်နေရာများဖြစ်သော အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း၊ ဆေးပေးခန်း လေးခု၊ ဘာသာရေးအဆောက်အအုံ ၁၁ ခုနှင့် လမ်းမီးတိုင် ၉၁ တိုင်တို့ကို တပ်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျော်ဦး

ဟိုပင်၌ အခမဲ့ဆေးကုသပေးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

ဟိုပင် စက်တင်ဘာ ၁၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွှေပါရမီ အရှင်ဆန္ဒာဓိက ဆရာတော် ဦးစီးသည့် အထူးကု ဆရာဝန်များ ပါဝင်သောအဖွဲ့မှ အခမဲ့ဆေးကုသပေးမည့် အစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်တို့က ဆေးကုသရန် လိုအပ်သူတိုင်း ကုသနိုင်ရန်၊ မြို့လူမှုကူညီရေး အသင်းအဖွဲ့များက ယာဉ်များကူညီ ဆောင်ရွက်ရန်၊ အသေးစားခွဲစိတ်မှုများကို ဟိုပင်ပြည်သူ့ဆေးရုံတွင် ပြုလုပ်နိုင်အောင် ဆောင်ရွက်ရန်၊ အကြီးစားခွဲစိတ်မှုများ ပါလာနိုင်သည့်အတွက် ကြိုတင်ဆောင်ရွက်ထားရန်တို့ကို အကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လူနာစောင့်နှင့် လူနာများအတွက် ညှိခံကျွေးမွေးရန်၊ ညှိကြိုရန်၊ လူနာများကို ကြိုရန်၊ လိုအပ်သည့် ဆေးဝါးကိစ္စနှင့် တရားပွဲဖြစ်မြောက်ရန် စသည့် လိုအပ်သည်များကို တိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရွှေပါရမီအရှင်ဆန္ဒာဓိက ဆရာတော် ဦးစီးသည့် အထူးကု ဆရာဝန်များ ပါဝင်သော အခမဲ့ဆေးကုသအဖွဲ့သည် ကချင်ပြည်နယ် ဟိုပင်မြို့တွင် ပထမအကြိမ်အဖြစ် ဟိုပင်မြို့မြို့တော်ခန်းမ၊ ဟိုပင်မြို့ အထွေထွေ အုပ်ချုပ်ရေးခန်းမ၊ မိခင်ကလေးသားဖွားခန်းတို့၌ အောက်တိုဘာလ နောက်ဆုံးပတ်တွင် လာရောက်ပြီး တစ်နေ့လျှင် လူနာ ၂၀၀၀ ခန့်ကို ငါးရက်ကြာ အခမဲ့ ကွင်းဆင်းကုသပေးသွားမည်ဖြစ်သည်။ ထို့အပြင် ရွှေပါရမီအရှင်ဆန္ဒာဓိက ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

တိုးတိုးမေ-ဟိုပင်

ပဲခူးတိုင်းဒေသကြီး ဝေါမြို့အရှေ့ဘက်ကမ်းရပ်ကွက်ရှိ တောင်သူများ၏ လယ်ကွက်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လယ်ကွက်များအတွင်း ငါးများလွှတ်ပေးနေစဉ်။ (ငါးမျိုးစိုက်ထည့်ရာတွင် ငါးခုံးမကြီးနှင့် တီလားပီးယား ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို လယ်ယာမြေ ဧက ၃၀၀ ထဲသို့ မျိုးစိုက်ထည့်ခဲ့ကြသည်။) **သန်းထိုက်**

(၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပနိုင်ရေး ဆွေးနွေး

ဟားခါး စက်တင်ဘာ ၁၉

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက နှစ်စဉ်အောက်တိုဘာ ၁ ရက်ကို အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပြီး အခမ်းအနားများကို နိုင်ငံတော်အဆင့်သာမက တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နှစ်စဉ်ကျင်းပခဲ့ကြကြောင်း၊ မိမိတို့ ချင်းပြည်နယ်၌ ပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကိုလည်း ခမ်းနားစွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပြီး ထူးခြားသည့် အကြံပြုချက်များပေးစေလိုကြောင်း ပြောကြားကာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်က အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြသည်။

(၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပနိုင်ရေး ဆွေးနွေးစဉ်။

ထို့နောက် တက်ရောက်လာကြသည့် ကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက (၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကျင်းပသည့်နေ့တွင် အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၀၀ ခန့်နှင့် အသက်အကြီးဆုံးအဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့ကို ဂုဏ်ပြုငွေများဖြင့် ပူဇော်ကန်တော့မည်ဖြစ်သည့်အပြင် ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီကလည်း အဘိုးအဘွားများအတွက် စောင်များလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လှည်းကူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့သည် လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား အသိပညာဗဟုသုတများ မြင့်မားစေရန်အတွက် ဗဟုသုတရရှိစေသော စာအုပ်နှင့် စာရေးကိရိယာလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လူမှုရေးဝန်ကြီးတို့က စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများမှ ကျောင်းအုပ်ဆရာ/ဆရာမကြီးတို့က လက်ခံယူခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းအတွင်း ဆောက်လုပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာအဆောက်အအုံကိုလည်းကောင်း၊ ဖောင်ကြီးတိုက်နယ်ဆေးရုံအတွင်း ခွဲစိတ်ခန်း၊ မွေးခန်းနှင့် တက်ရောက်ကုသနေသော လူနာများအား လည်းကောင်း၊ ဒါးပိန်မြောက်ကျေးရွာအုပ်စု ကျွဲကူးဆိပ်ကျေးရွာရှိ ပဲခူးမြစ်ကူးတံတား (ဒါးပိန်-သပြု) တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှုအားလည်းကောင်း၊ ဒါးပိန်တောင်ကျေးရွာအုပ်စု တိုက်နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိသော လူနာများအားလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုက်နယ်ဆေးရုံများတွင် အသုံးပြုနိုင်ရန်အတွက် ECG စက်တစ်လုံး၊ Air Set တစ်လုံး၊ နှလုံးခုန်နှုန်းတိုင်းစက်တစ်လုံး၊ Safe Guard နှစ်လုံးတို့ကို လှူဒါန်းခဲ့ရာ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးနှင့် တိုက်နယ်ဆရာဝန်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ပြည်ထောင်စုတိုးချဲ့နယ်မြေရှိ အိမ်ခြေ ၄၅၀၀ ကျော်အား ရေပေးဝေနိုင်ရေးအတွက် JICA အစီအစဉ်ဖြင့် ရေသန့်စင်စက်ရုံ တည်ဆောက်

မိတ္ထီလာ စက်တင်ဘာ ၁၉

မိတ္ထီလာမြို့ပေါ် ရပ်ကွက်များဖြစ်သည့် ဝန်ဇင်း၊ ရန်မျိုးအောင်ရပ်ကွက်များနှင့် ပြည်ထောင်စုတိုးချဲ့နယ်မြေရှိ အိမ်ခြေ ၄၅၀၀ ကျော်အား ရေပေးဝေနိုင်ရေးအတွက် JICA အစီအစဉ်ဖြင့် ရေသန့်စင်စက်ရုံ တည်ဆောက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ မြို့ပေါ်ရပ်ကွက ၁၄ ခုအား မိတ္ထီလာကန်ရေကို ရေသန့်စင်စက်ရုံများတည်ဆောက်၍ ပမာဏ ရေစစ်ကန် (အနည်ထိုင်ကန်)များ၊ သဲစစ်ကန်များဖြင့် အဆင့်ဆင့် သန့်စင်၍ သန့်စင်ပြီးရေများကို အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိရာ ရေသန့်စင်စက်ရုံများနှင့် အလှမ်းဝေးသည့် ရပ်ကွက်များကို စက်ရေတွင်းများ တူးဖော်ပေးပြီး ရေပေးဝေလျက်ရှိသည်။ ထိုသို့ ရေပေးဝေလျက်ရှိရာမှ ရေပိုမိုပေးဝေနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝန်ဇင်းရပ်ကွက်အတွင်း၌ JICA အစီအစဉ်ဖြင့် ငွေကျပ် ၃ ဒသမ ၂၅ ဘီလီယံဖြင့် ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ပြည်ထောင်စု တိုးချဲ့နယ်မြေအတွင်းရှိ အိမ်ထောင်စု ၄၅၀၀ ကျော်အား ရေပေးဝေနိုင်စေရန် ရေသန့်စင်စက်ရုံတည်ဆောက်ခြင်း၊ အမြင့်တင် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေဖြန့်ဝေနိုင်ရန် အရှည် ၂၆ မိုင်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို မေ ၂၆ ရက်က စတင်ပြီး ခေတ်ကမ္ဘာကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေသန့်စင်စက်ရုံတည်ဆောက်ပြီးစီးပါက ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ပြည်ထောင်စု တိုးချဲ့နယ်မြေအတွင်း အိမ်ထောင်စု ၄၅၀၀ ကျော်အား တစ်ရက် ရေဂါလန် ၆၉၀၀၀၀ ကို ပေးဝေနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်တင်က ပြောသည်။

မိတ္ထီလာမြို့တွင် ရေပေးဝေနိုင်ရေးအတွက် ရေသန့်စင်စက်ရုံတည်ဆောက်နေစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

မိတ္ထီလာ

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်း ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက်က မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအုပ်စု သုံးအိုင်ကျေးရွာ ရွာဦးဘုရားနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကာ ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။ သီးကုန်းအမြန်လမ်း ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကိုကိုမောင်၏ ဦးဆောင်မှုဖြင့် သီးကုန်းအမြန်လမ်း ရဲတပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအုပ်စု သုံးအိုင်ကျေးရွာ ရွာဦးစေတီနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးကုသိုလ်ယူခဲ့ကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

မကွေး

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးအတွင်းမှ ရဲတပ်ဖွဲ့ဝင် ၁၁၉ ဦးသည် စက်တင်ဘာ ၁၈ရက်က တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းမှုများ ဆောင်ရွက်ခဲ့သည်။

ယာဉ်ထိန်း၊ မှုခင်း၊ မူးယစ်တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့၏ စေတနာဆန္ဒအလျောက် အမည်စာရင်းပေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ဇော်၊ တိုင်းဒေသကြီး ဒုရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လတ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်စိုးနှင့် ရဲတပ်ဖွဲ့တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးမှုများ လုပ်ဆောင်ခဲ့သည်။

ဇေယျတု(မကွေး)

သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၌ အလုပ်အကိုင်ပြပွဲ ပြုလုပ်မည်

စစ်ကိုင်း စက်တင်ဘာ ၁၉

အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရေးအတွက် ရည်ရွယ်၍ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)ဒုတိယအကြိမ်မြောက်အဖြစ် အလုပ်အကိုင်ပြပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး) မှ သိရသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲကို မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) နှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး အလုပ်အကိုင်ပြပွဲကို အောက်တိုဘာ ၁ ရက်တွင် သမဝါယမတက္ကသိုလ် (စစ်ကိုင်း)ဝင်းအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးညွန့်ဇော်က ပြောသည်။

"သမဝါယမတက္ကသိုလ် (စစ်ကိုင်း)က ကျောင်းဆင်းတဲ့ ဘွဲ့ရကျောင်းသား ကျောင်းသူ ဘွဲ့ရလူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးတာပေါ့။ နောက်ပြီး လုပ်ငန်းရှင်တွေအနေနဲ့ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်တဲ့ အရည်အချင်းပြည့်ဝတဲ့ ဝန်ထမ်းကောင်းတွေ ရရှိဖို့အတွက် စတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပပေးတာပါ။ မနှစ်က အတွေ့အကြုံအရ လုပ်ငန်းရှင်ပေါင်း ၅၀ လောက်လာပြီးတော့ ကျောင်းသား ကျောင်းသူတွေကို ခေါ်ကြပါတယ်။ ဒီနှစ်ကတော့ ဖိတ်ခေါ်ထားတုန်း ရှိပါသေးတယ်" ဟု ၎င်းကပြောသည်။

သမဝါယမတက္ကသိုလ် (စစ်ကိုင်း)မှ ဘွဲ့ရလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ပညာရပ်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ ရရှိစေရန်အတွက် ရည်ရွယ်၍ အလုပ်အကိုင်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ထိုပွဲမှ အောင်မြင်နေသည့် လုပ်ငန်းရှင်များနှင့် အရည်အချင်းပြည့်ဝပြီး တက်ကြွနေသည့် ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၀၇၅

ကျောင်းသား ကျောင်းသူများအား မူခင်းအသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့မရဲစခန်းမှ ရဲအုပ်ဇင်ဗိုလ်ပိုင်သည် စက်တင်ဘာ ၁၇ ရက်က ချောင်းမကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူမြင့်နှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်တို့အား မူးယစ်ဆေးဝါးအန္တရာယ်၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောသည်။

အလားတူ ဒလမြို့နယ် ရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူး ဒုရဲမှူးအုန်းလွင်သည် စက်တင်ဘာ ၁၇ ရက်က ကမာကဆစ်ရပ်ကွက် ဒလ-တွံတေး ကားလမ်း၊ မြို့နယ်မီးသတ်ဦးစီးဌာနရုံးအတွင်းရှိခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၉-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၃၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၀၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၃၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၅၉၅၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၀၀/၉၆၀ ကျပ်	၉၄၅/၉၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၁၀/၉၇၀ ကျပ်	၉၆၅/၉၉၀ ကျပ်
အောက်တိန်း ၉၂	၈၀၀/၈၈၅ ကျပ်	၈၇၅/၉၀၅ ကျပ်
အောက်တိန်း ၉၅	၈၉၀/၉၅၀ ကျပ်	၉၈၀/၁၀၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၆ · ၇
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၉ · ၄
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၅ · ၇
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၂၀ · ၃
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၂၂ · ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၄၄ · ၁
တရုတ်	တစ်ယွမ်	ကျပ် ၂၁၆ · ၅၄
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၆၀၁
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ · ၇၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၆ · ၅၄
ထိုင်း	တစ်ဘတ်	ကျပ် ၅၀ · ၃၅၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၁၉-၉-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၃၁၇၀	၃၈၀၄၀၀၀၀
MTSH	၄၄၀၀	၄၅၀၀	၄၂၀၈	၁၈၆၃၇၀၀၀
MCB	၈၃၀၀	၈၄၀၀	၂၆	၂၁၅၉၀၀
FPB	၂၆၀၀၀	၂၆၀၀၀	၈၇	၂၂၆၂၀၀၀
TMH	၃၁၀၀	၃၁၀၀	၃၄၀၃	၁၀၅၄၉၃၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး ယုဉ်ပြိုင်စမ်းသပ်ကွက်ကွင်းသရုပ်ပြပွဲနှင့် ဒရုန်းဖြင့် ဆေးဖျန်းခြင်းပြသရာ နှစ်ဧကကို ဆေးဖျန်းချိန် ရှစ်မိနစ်သာကြာရှိ

သာစည် စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး ယှဉ်ပြိုင် စမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲနှင့် ဒရုန်းဖြင့် ဆေးဖျန်းခြင်း ပြသပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲက တောကင်းကျေးရွာ ကွင်းအမှတ် ၁၉၉၀ ၌ ကျင်းပသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တွင် ငွေချည်-ခြောက်၊ ရွှေတောင်-ရှစ်၊ ငွေချည်-ကိုး တောင်သူများနှင့် စတင်မိတ်ဆက်ပေးသော ရွှေတောင်-၁၀ မျိုး လေးမျိုး ယှဉ်ပြိုင်စမ်းသပ်ခြင်းဖြစ်ကြောင်း သိရသည်။ အခမ်းအနားတွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အမှာစကားပြောကြားကာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးသိန်းက ဝါမျိုးများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ယှဉ်ပြိုင်စမ်းသပ်ကွက်တွင် တောင်သူများက မိမိတို့အကြိုက် ဝါမျိုးကို မဲပေးကြရန်နှင့် စိုက်ပျိုးရေးတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန် အဆင့်မြင့်နည်းပညာများ အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

တောကင်းရွာ၌ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး စမ်းသပ်ကွက်ကို တာဝန်ရှိသူများ ကြည့်ရှုစဉ်။

ယင်းနောက် သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က ဒေသတွင်း အခြေအနေများနှင့်တောင်သူများ ကြုံတွေ့ရသော ရာသီဥတု၊ မြေဆီလွှာ၊ သီးနှံဈေးကွက်များ စသည့် ပြောင်းလဲမှုများကို ဒေသဖြင့်ကိုက်ညီသော မျိုးများ ရွေးချယ်ခြင်း၊ နည်းပညာအသုံးပြု၍ စိုက်ပျိုးလုပ်ကိုင်ခြင်းတို့ဖြင့် ဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးပေးပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးငွေက အထူးဇုန် ဧက ၁၀၀ စိုက်ပျိုးခြင်းနှင့် ဝါမျိုးများ ယှဉ်ပြိုင်စိုက်ပျိုးရခြင်းတို့ကို ဆွေးနွေးသည်။ ထို့နောက် ထွန်းလင်းပြည့် ကုမ္ပဏီမှ MDဦးနေထွန်းက ဒရုန်းဖြင့် ဆေးဖျန်းခြင်းကို နေ့ညမရွေး ဆောင်ရွက်နိုင်ကြောင်းနှင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်များတွင် လက်တွေ့ဆေးဖျန်း ပြသရာနှစ်ဧကကိုဆေးဖျန်းချိန် ၈ မိနစ်သာကြာချိန်ရှိကြောင်း သိရသည်။ ဆက်လက်၍ တက်ရောက်လာသော တောင်သူများက မျိုးယှဉ်ပြိုင်စမ်းသပ်ကွင်းများအား ကြည့်ရှုလေ့လာပြီး မဲပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါကွင်း သရုပ်ပြပွဲသို့ ဌာနဆိုင်ရာများ၊ တောကင်း၊ ရွှေတုတ်ကုန်း၊ လှိုင်းတက်၊ အုတ်ကုန်း စသည့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ဝါစိုက်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

မိုးညှင်းခရိုင် အခြေခံပညာကျောင်းအချို့၌ တိုင်းရင်းသား ၂၂၃ ဦးအား ခန့်အပ် သင်ကြားစေမည်

မိုးညှင်း စက်တင်ဘာ ၁၉

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် တိုင်းရင်းသား ဘာသာစာပေသာမက ကျောင်းသင်ဘာသာရပ်များ သင်ကြားရာတွင် အထောက်အကူပြု TA(Teaching Assistant) နေ့စား ၂၂၄ ဦးနှင့် တိုင်းရင်းသား ဘာသာစာပေ သီးသန့်သင်ကြားရန် LT (Language Teacher) ၁၅ ဦးတို့အား စက်တင်ဘာလမှစတင်၍ခန့်အပ်တာဝန်ပေး သင်ကြားစေမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။ မိုးညှင်းခရိုင်အတွင်း မြို့နယ်သုံးမြို့နယ်ပါဝင်ပြီး တစ်မြို့နယ်ချင်းအလိုက်ခန့်အပ်ထားသည့် တိုင်းရင်းသား စာပေဘာသာစကားသင် နေ့စားလပေးများအနေဖြင့် မိုးညှင်းမြို့နယ်တွင် တိုင်းလိုင် ၇၄ ဦး၊ ဂျိန်းဖော ကိုးဦးနှင့်တိုင်းလုံ ခြောက်ဦး၊ မိုးကောင်းမြို့နယ်တွင် တိုင်းလိုင် ၅၈ ဦး၊ ဂျိန်းဖော ၂၄ ဦး၊ တိုင်းလုံ ငါးဦး၊ တိုင်းလေ နှစ်ဦး၊ ဖားကန့်မြို့နယ်တွင် ဂျိန်း ဖော ၃၀၊ ဗိုင်ဝါး လေးဦး၊ လော်ဝေါ် တစ်ဦး၊ လာချိဒ် တစ်ဦး၊ လီဆူ တစ်ဦး၊ ရဝမ် ငါးဦး၊ တိုင်းလိုင် သုံးဦး၊ တိုင်းလုံ တစ်ဦးတို့ကို ခန့်အပ်သင်ကြားစေမည်ဖြစ်သည်။

တိုင်းရင်းသား ဘာသာစာပေသီးသန့် LT (Language Teacher)သင်ကြားရန် မိုးကောင်းမြို့နယ်တွင်ဂျိန်းဖော လေးဦး၊ တိုင်းလုံ တစ်ဦးနှင့် ဖားကန့်မြို့နယ်တွင် ဂျိန်းဖော ၁၀ ဦးတို့အား ခန့်အပ်ထားကြောင်း သိရသည်။

တိုင်းရင်းသား ဘာသာစာပေသင်ကြားမှုနှင့်ပတ်သက်၍ မြို့နယ်ပညာရေးမှူး ဦးခိုင်ဝေက "အခြေခံပညာကျောင်းများရဲ့စာသင်ချိန်တွေထဲမှာ တစ်ချိန်ထည့်သွင်းသင်ကြားစေမှာဖြစ်တယ်၊ ဘယ်အချိန်လို့တော့ သတ်မှတ်ထားတာမရှိဘူး၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးရဲ့စီမံမှုနဲ့ သင်ကြားစေတယ်"ဟု ပြောသည်။

TA(Teaching Assistant) နေ့စားများအနေဖြင့် တိုင်းရင်းသား ဘာသာစာပေ သင်ကြားမှုအပြင် လိုအပ်ပါက ကျောင်းသင်ဘာသာရပ်များကိုလည်း သင်ကြားပေးရမည်ဖြစ်ပြီး၊ LT (Language Teacher)များအနေဖြင့် တစ်ရက်လျှင်စာသင်ချိန် (၁)ချိန်သာ မိမိတိုင်းရင်းသားဘာသာစာပေသီးသန့်သာသင်ကြားပေးရမည်ဖြစ်ပြီး ထောက်ပံ့ကြေးအနေဖြင့် တစ်လ (၃၀၀၀၀ိ/)ကျပ်ရရှိမည်ဖြစ်ပြီး အခြေခံပညာ မူလတန်းဆင့်တွင် Grade (၁၊၂၊၃)မှစ၍ တိုင်းရင်းသားဘာသာစာပေ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်ထွေး(မိုးညှင်း)

မိုးညှင်းခရိုင်အတွင်း အခြေခံပညာကျောင်းတစ်ကျောင်း၌ စာသင်ကြားနေမှုကို တွေ့ရစဉ်။

ဇမ္ဗူသီရိမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ဇမ္ဗူသီရိ စက်တင်ဘာ ၁၉

နေပြည်တော် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ဘောဂသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထူးက အခြေခံပညာကျောင်းများ၊ ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်း၍ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့ ပြုလုပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အ-ထ-က(၆)၊ (၇)၊ (၈)၊ (၉)ကျောင်းတို့မှ ကျောင်းသား/ကျောင်းသူ ၁၇၃ ဦးတို့အတွက် နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၇၃ ကတ်အား ပေးအပ်ခဲ့ကြောင်းနှင့် ဆက်လက်၍ အခြေခံပညာကျောင်းများ၊ ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်း၍ ဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိမည့်သူများအား အခမဲ့ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မူဆယ်နယ်စပ်တွင် ကျွဲ၊ နွားအရောင်းအဝယ်အေးနေသည့်အတွက် ကုန်သည်များ အခက်တွေ့

မူဆယ် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်နယ်စပ်တွင် ကျွဲ၊ နွားများ အရောင်းအဝယ်အေးနေသည့်အတွက် ကုန်သည်များ အခက်အခဲတွေ့နေကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ တိုက်ပွဲများဖြစ်ပြီးသည့်နောက်ပိုင်း ကျွဲ၊ နွား၊ ကားများ စုပြုံဝင်ရောက်မှုရှိသော်လည်း တရုတ်ဘက်က ဝယ်လိုသူ နည်းပါးနေသဖြင့် ကျွဲကုန်သည်၊ နွားကုန်သည်များ အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

ကျွဲ၊ နွား အရောင်းအဝယ်သမားများသည် မြန်မာပြည်နယ်ပယ်အသီးသီးမှ ကျွဲ၊ နွားများကို ဝယ်ယူစုဆောင်းပြီး ၁၂ဘီးယာဉ်ဖြင့်တစ်စီးလျှင် ကျွဲ နွားအကောင်ရေ ၂၀ မှ ၂၅ ကောင်ဝန်းကျင်အထိ တင်ဆောင်ပြီး မန္တလေးဘက်မှ မူဆယ်ဘက်သို့ ထွက်ခွာရသည်။ မူဆယ်မရောက်ခင် ၁၆ မိုင်ဂိတ်နှင့် ရေပူစစ်ဆေးရေးဂိတ်များမှာ စစ်ဆေးမှုများပြုလုပ်ပြီး ထိုမှတစ်ဆင့် ကွတ်ခိုင်မြို့နယ်အတွင်း ပါကြူကျေးရွာအနီး တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်းတွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်းများပြုလုပ်ပြီး အဆိုပါဌာနမှ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ ကျွဲ၊ နွားများ၏ နားတို့တွင် နားကပ်များ တပ်ဆင်ပေးပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ ဆက်လက်ထွက်ခွာသည်။

(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကိုရောက်ရှိချိန်တွင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများက ယာဉ်ပေါ်တင်ဆောင်ထားသည့် ကျွဲ၊ နွား အကောင်အရေအတွက်နှင့် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ထားသည့် စာရွက်စာတမ်းအထောက်အထားများကို မှန်ကန်မှု ရှိ/မရှိ စစ်ဆေးမှုများ ပြုလုပ်ကာ မှန်ကန်မှုရှိပါက ဂျူတီ ဆောင်ခွင့်ပေးသည်။

ထို့နောက်ဂျူတီ ဆောင်ပြီးသည့် ကျွဲ၊ နွား ကားများသည် တရုတ်နိုင်ငံသို့ ဆက်လက်ရောင်းချရန် မူဆယ်မြို့နယ်အတွင်းရှိ

တရုတ်နိုင်ငံသို့ တင်ပို့မည့် နွားများအား တွေ့ရစဉ်။

အထက်တုန်ခန်၊ အောက်တုန်ခန်၊ ကျင်စန်းကျော့ကျောက်တောင်လမ်းခွဲ၊ ဟိုနောင်ကျေးရွာနှင့် ပန်ဆိုင်း(ကြူကုတ်)အနီးရှိ နမ့်တောင်းခါးလျန်၊ ပေါင်းရာကျေးရွာ၊ လုံခန်ကျေးရွာတို့တွင် ဒေသခံများထံမှ မြေငှားရန်းပြီး ကျွဲ၊ နွားများကို ထိန်းသိမ်းထားရကြောင်းနှင့် အရောင်းအဝယ်ကိုလည်း ယင်းနေရာများတွင် ပြုလုပ်ကြကြောင်း သိရသည်။

နွားအရောင်းအဝယ် ပြုလုပ်နေသူ ကိုမင်းမင်းစိုးက "ကျွန်တော်တို့ နွားအရောင်းအဝယ်လုပ်နေတာ အခုဆိုရင် သုံးနှစ်လောက်ရှိပါပြီ၊ အရင်နှစ်တွေက အခြေပျက်ရောင်းရပါတယ်၊ အခုနောက်ပိုင်းတော့ ကီလိုနဲ့ ရောင်းဝယ်ကြတယ်။ ဒီဘက်ကို ကျွဲ၊ နွားတွေအဝင်များနေတာက အရောင်းအဝယ်ကောင်းနေလို့ မဟုတ်ပါဘူး၊ ကုမ္ပဏီလက်မှတ်တွေ အများကြီးချထားပေးတဲ့အတွက်ကြောင့်ပါ၊ အရင်က ကုမ္ပဏီ ၅၀ လောက် နွားအကောင်ရေ တစ်ရက်ကို ၅၀၀ လောက်ထိ ဝင်ပါတယ်၊ တိုက်ပွဲဖြစ်တဲ့ အချိန်မှာတော့ကုမ္ပဏီ နှစ်ခု သုံးခုလောက်ပဲဝင်ပြီး နွားအဝင်နည်းသွားတဲ့အတွက်ကြောင့် နွားဈေးက ရတာပေါ့။ အခုတော့ လမ်းကြောပြန်ပွင့်သွားတဲ့အချိန်မှာ ဈေးကသိပ်မရသလို ကီလိုနဲ့ဆိုရင် ၁၀ ကျပ်မှ ၁၁ ကျပ်ဝန်းကျင်ထိသာ အများဆုံးရရှိပြီး ဝယ်လက်ကလည်း တစ်နေကုန်မှ တစ်ခါတလေ သုံးလေးယောက်ပဲလာသလို လုံးလုံးမလာတဲ့ ရက်တွေလည်း ရှိတယ်၊ လာဝယ်ကြတဲ့အခါ ဆိုရင်တော့ သူတို့ပေးတဲ့ဈေးနဲ့ ကိုယ်ရောင်းချင်တဲ့ဈေးကိုက်ရင်တော့ ရောင်းလိုက်တာပေါ့။ ဈေးနှိမ်ဝယ်တာမျိုးတော့ မရှိပါဘူး၊ သူတို့ဘက်က လိုချင်တဲ့အခါ ဈေးပေးပါတယ်၊ အကယ်၍ သူတို့ဘက်မှာ ကျွဲ၊ နွားများ စုပြုံနေရင်တော့ ဈေးကျသွားတတ်ပါတယ်" ဟု ပြောသည်။

တရုတ်-မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ တိုက်ပွဲဖြစ်ပြီးနောက်ပိုင်း ကျွဲ၊ နွား တင်ကားတစ်ရက်လျှင် ၁၀ စီးမှ အစီးရေ ၄၀ ဝန်းကျင်၊ ကျွဲ၊ နွားအကောင် အရေအတွက် ၂၀၀ မှ ၅၀၀ အထက်ဝင်ရောက်မှုရှိကြောင်း သိရပြီး ဆိတ်ကားများလည်း အနည်းငယ်ဝင်ရောက်ကြောင်း သိရသည်။

ကျွဲ၊ နွားများ ဝင်ရောက်မှုရှိသော်လည်း တရုတ်ဝယ်လက်က နည်းနေခြင်းကြောင့် အရောင်းအဝယ်မဖြစ်သည့်အတွက် ကျွဲ၊ နွားကုန်သည်များမှာ ခြံငှားရမ်းခ၊ နွားစာဖိုး၊ နွားကျန်းမာရေးတွေအတွက် အကုန်အကျများနေပြီး အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

နွားများကို ကြံဖတ်၊ ကောက်ရိုးခြောက်၊ ဖွဲနု၊ ဆန်ကွဲ၊ ပဲနှစ်များကိုကျွေးရကြောင်း သိရပြီး ပဲနှစ်ကိုတော့ မြန်မာပြည်အောက်ပိုင်းက မှာယူကျွေးရတာဖြစ်ကြောင်း၊ ကျက်စာပြောင်း၊ အပင်လိုက်စဉ်းကျွေးခြင်း၊ ယင်းအစာများကို အိတ်ပြတ်ဝယ်ကျွေးရတာရှိသလို အဝကျွေးလည်းရှိကြောင်း၊ အဝကျွေးရင်တော့ နွားတစ်ကောင်ရဲ့တစ်ရက်ကုန်ကျငွေက ၃၀၀၀ လောက်ရှိပြီး နွားထိန်းသမား၊ နွားခြံစောင့်သမားတွေအတွက်နဲ့ ဆိုရင် တစ်ရက်ကုန်ကျငွေက တော်တော်များပါကြောင်း၊ လက်ရှိအနေအထားအရ ဒီဘက်မှာ ကျွဲ၊ နွား အကောင်အရေအတွက် စုစုပေါင်း ၅၀၀၀ ဝန်းကျင်လောက်ရှိနေကြောင်း နွားကုန်သည်များထံမှ သိရသည်။

အရောင်းအဝယ်ဖြစ်သည့် ကျွဲ၊ နွားများကို မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ဆယ်လန့်ကျေးရွာအနီးနောင်တောင်းကျေးရွာတွင် တရုတ်နိုင်ငံမှ လာရောက်ဖွင့်လှစ်ထားသည့် ခန့်ထည်ကုမ္ပဏီမှတစ်ဆင့် တရုတ်နိုင်ငံထဲကို ပို့ဆောင်ရောင်းချနေခြင်းဖြစ်ကြောင်းသိရပြီး ရောင်းဝယ်ဈေးမကိုက်သည့်အခါ မှောင်ခိုလမ်းမှတစ်ဆင့် တရုတ်နိုင်ငံထဲကို သွားရောက်ရောင်းချနေတာဖြစ်ကြောင်း နွားကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

သန့်စင်(မူဆယ်)

2019-20 EPL WEEK-6

နိုင်ပွဲပြန်ရှာကြမယ့် မန်စီးတီးနဲ့ အာဆင်နယ်

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၆ ကို လာမယ့် စက်တင်ဘာ ၂၁၊ ၂၂ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေထဲမှာ ချယ်လ်ဆီးနဲ့ လီဗာပူးပွဲစဉ်ကတော့ ထိပ်တန်းနှစ်သင်းဖြစ်တာနဲ့အညီ ကြည့်ကောင်းပြီး ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲအဖြစ် တွေ့မြင်ရဖို့ရှိပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ် ၅ မှာ နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ မန်စီးတီးအသင်းရဲ့နိုင်ပွဲကိုလည်း ဒီအပတ်ပွဲစဉ် ၆ မှာ ပြန်လည်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ဂိုးအများဆုံးသွင်းထားသူများ

အမည်	အသင်း	အကြိမ်
အဂူရို	မန်စီးတီး	၇
အာဘာရာဟမ်	ချယ်လ်ဆီး	၇
ပူကီ	နော့ဝစ်ချ်	၆
အူဘာမီယန်	အာဆင်နယ်	၅
စတားလင်း	မန်စီးတီး	၅

St. Mary

ဆောက်သမ်တန် - ဘုန်းမောက်

ယမန်နှစ်ရလဒ် - ဆောက်သမ်တန် ၃-၃ ဘုန်းမောက်

ဆောက်သမ်တန်၏ နောက်ဆုံးသုံးပွဲရလဒ်			ဘုန်းမောက်၏ နောက်ဆုံးသုံးပွဲရလဒ်		
ရှက်ဖီးလ်	၀-၁	ဆောက်သမ်တန်	ဘုန်းမောက်	၃-၁	အဲဗာတန်
ဆောက်သမ်တန်	၁-၁	မန်ယူ	လက်စတာ	၃-၁	ဘုန်းမောက်
ဖူလ်ဟမ်	၀-၁	ဆောက်သမ်တန်	ဘုန်းမောက်	၀-၀	ဖောရက်စ်

ဆောက်သမ်တန်အသင်းရဲ့လက်ရှိခြေစွမ်းက တည်ငြိမ်တယ်။ တိုက်စစ်ပိုင်းက အကောင်းဆုံးမရှိပေမယ့် ခံစစ်ပိုင်းက ကောင်းတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ အိမ်ကွင်းအားနဲ့ အမှတ်ရဖို့ကြိုးစားလိမ့်မယ်။ ဘုန်းမောက်အသင်းရဲ့ တိုက်စစ်ပိုင်းက ခြေစွာတယ်။ ဘုန်းမောက်အသင်းအနေနဲ့ အဝေးကွင်းမှာ အမှတ်ရဖို့ ကြိုးစားလိမ့်မယ်။ နှစ်သင်းစလုံးဟာ ခြေစွမ်းသိပ်မကွာတာကြောင့် အနိုင်အရှုံးပြတ်သားဖို့ ခက်တယ်။ သရေကျမယ်။

Turf Moor

ဘန်လေ - နော့ဝစ်ချ်

ယမန်နှစ်ရလဒ် - နော့ဝစ်ချ် ၄-၁ ဘန်လေ

ဘန်လေ၏ နောက်ဆုံးသုံးပွဲရလဒ်			နော့ဝစ်ချ်၏ နောက်ဆုံးသုံးပွဲရလဒ်		
ဘရိုက်တန်	၁-၁	ဘန်လေ	နော့ဝစ်ချ်	၃-၂	မန်စီးတီး
ဘန်လေ	၀-၃	လီဗာပူး	ဝက်စ်ဟမ်း	၂-၀	နော့ဝစ်ချ်
ဘန်လေ	၁-၃	ဆန်းဒါးလန်း	ခရူဝီ	၁-၀	နော့ဝစ်ချ်

ဘန်လေအသင်းရဲ့ခံစစ်ပိုင်းကမဆိုးပေမယ့် တိုက်စစ်ပိုင်းက အနည်းငယ် အားနည်းတယ်။ ဘန်လေအသင်းအနေနဲ့ အိမ်ကွင်းမှာတော့ မရှုံးအောင် လူစုံထုတ်ပြီး အကောင်းဆုံးကြိုးစားလိမ့်မယ်။ နော့ဝစ်ချ်အသင်းဟာ ပြီးခဲ့တဲ့ပွဲမှာ မန်စီးတီးအသင်းကို နိုင်ထားခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းတက်ကြွနေကြတယ်။ တိုက်စစ်မှူး ပူကီကလည်း ဂိုးသွင်းစွမ်းရည်ကောင်းတယ်။ ညှိသည်ဖြစ်တဲ့ နော့ဝစ်ချ်ရဲ့အနိုင်ကို တွေ့မြင်ရနိုင်တယ်။

King Power

လက်စတာ - စပါး

ယမန်နှစ်ရလဒ် - စပါးစ် ၃-၁ လက်စတာ

လက်စတာ၏ နောက်ဆုံးသုံးပွဲရလဒ်			စပါး၏ နောက်ဆုံးသုံးပွဲရလဒ်		
မန်ယူ	၁-၀	လက်စတာ	စပါး	၄-၀	ပဲလေ့စ်
လက်စတာ	၃-၁	ဘုန်းမောက်	အာဆင်နယ်	၂-၂	စပါး
နယူးကာဆယ်	၁-၁	လက်စတာ	စပါး	၀-၁	နယူးကာဆယ်

ပြီးခဲ့တဲ့ပွဲမှာ မန်ယူအသင်းကို တစ်ဂိုးနဲ့ ကပ်ရှုံးခဲ့တဲ့ လက်စတာအသင်းဟာ အိမ်ကွင်းမှာတော့ မရှုံးအောင် အားစိုက်လိမ့်မယ်။ လက်စတာအသင်းရဲ့ တိုက်စစ်ပိုင်းကလည်း ပွဲတိုင်းနီးပါး ဂိုးတွေသွင်းယူနေတာကို တွေ့မြင်ရတယ်။ စပါးအသင်းဟာ ချန်ပီယံလိဂ်ကစားထားရတာကြောင့် ကစားသမားတွေအနေနဲ့ ပွဲပန်းမှုရှိနိုင်တယ်။ လက်စတာကို အဝေးကွင်းမှာ အနိုင်ကစားဖို့ ရုန်းကန်ရနိုင်တယ်။ စပါးအသင်း ဂိုးပြတ်နိုင်ဖို့ မလွယ်ဘူး။

Goodison Park

အဲဗာတန် - ရှက်ဖီးလ်ယူ

ယမန်နှစ်ရလဒ် - မရှိ

အဲဗာတန်၏ နောက်ဆုံးသုံးပွဲရလဒ်			ရှက်ဖီးလ်ယူ၏ နောက်ဆုံးသုံးပွဲရလဒ်		
ဘုန်းမောက်	၃-၁	အဲဗာတန်	ရှက်ဖီးလ်ယူ	၀-၁	ဆောက်သမ်တန်
အဲဗာတန်	၃-၂	ဝုဖ်	ချယ်လ်ဆီး	၂-၂	ရှက်ဖီးလ်ယူ
လင်ကွန်း	၂-၄	အဲဗာတန်	ရှက်ဖီးလ်ယူ	၂-၁	ဘလက်ဘန်း

အဲဗာတန်အသင်းရဲ့ တိုက်စစ်ပိုင်းက ကောင်းပေမယ့် ခံစစ်ပိုင်းက အနည်းငယ် အားနည်းချက်တွေ ရှိတယ်။ အဲဗာတန်အသင်းအနေနဲ့ အိမ်ကွင်းမှာ မရှုံးအောင် အားစိုက်ကစားလိမ့်မယ်။ တန်းတက်ရှက်ဖီးလ်ယူ အသင်းရဲ့ ခြေစွမ်းက အားရစရာမရှိသေးဘူး။ ခံစစ်ပိုင်းမှာ အမှားများတယ်။ အဝေးကွင်းမှာ မရှုံးအောင် အားစိုက်လိမ့်မယ်။ အဲဗာတန်အသင်း အိမ်ကွင်းမှာ ဂိုးများများရနိုင်ဖို့ မရှိပေမယ့် သုံးမှတ်အတွက် နိုင်ပွဲကပ်ရဖို့ရှိတယ်။

Etihad

မန်စီးတီး - ဝက်ဖို့ဒ်

ယမန်နှစ်ရလဒ် - မန်စီးတီး ၃-၁ ဝက်ဖို့ဒ်

မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ်			ဝက်ဖို့ဒ်၏ နောက်ဆုံးသုံးပွဲရလဒ်		
နော့ဝစ်ချ်	၃-၂	မန်စီးတီး	ဝက်ဖို့ဒ်	၂-၂	အာဆင်နယ်
မန်စီးတီး	၄-၀	ဘရိုက်တန်	နယူးကာဆယ်	၁-၁	ဝက်ဖို့ဒ်
ဘုန်းမောက်	၁-၃	မန်စီးတီး	ဝက်ဖို့ဒ်	၃-၀	ကိုဗန်ထရီ

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲမှာ နော့ဝစ်ချ်ကို ရှုံးနိမ့်ခဲ့ခြင်းဟာ မန်စီးတီးအသင်းအတွက်တော့ ကြီးမားတဲ့ ထိုးနှက်ချက်တစ်ခုလို့ ပြောရမှာပါ။ ဒါကြောင့် မန်စီးတီးအသင်းအနေနဲ့ ဒီပွဲကို အကောင်းဆုံးပြင်ဆင်မှုတွေနဲ့အတူ ခြေစွမ်းအသာနဲ့ ကစားနိုင်ဖို့ ကြိုးစားလိမ့်မယ်။ ဝက်ဖို့ဒ်အသင်း မန်စီးတီးအသင်း တိုက်စစ်ကို ဟန့်တားနိုင်ဖို့မလွယ်ဘူး။ မန်စီးတီးအသင်းရဲ့ သွင်းဂိုးတွေကို မြိုင်မြိုင်ဆိုင်ဆိုင် တွေ့မြင်ရနိုင်တယ်။

St. James' Park

နယူးကာဆယ် - ဘရိုက်တန်

ယမန်နှစ်ရလဒ် - ဘရိုက်တန် ၁-၁ နယူးကာဆယ်

နယူးကာဆယ်၏ နောက်ဆုံးသုံးပွဲရလဒ်			ဘရိုက်တန်၏ နောက်ဆုံးသုံးပွဲရလဒ်		
လီဗာပူး	၃-၁	နယူးကာဆယ်	ဘရိုက်တန်	၁-၁	ဘန်လေ
နယူးကာဆယ်	၁-၁	ဝက်ဖို့ဒ်	မန်စီးတီး	၄-၀	ဘရိုက်တန်
နယူးကာဆယ်	၁-၁	လက်စတာ	ဘရစ္စတိုးလ်	၁-၂	ဘရိုက်တန်

ရှုံးပွဲတွေ ဆက်တိုက်ကြုံနေတဲ့ နယူးကာဆယ်အသင်းဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ အပြင်းအထန် ကြိုးစားကစားလိမ့်မယ်။ နယူးကာဆယ်အသင်း လက်ရှိအချိန် တန်းဆင်းဇုန်ထဲ ရောက်နေတယ်။ ဘရိုက်တန်အသင်း အဝေးကွင်းမှာ ရုန်းကန်ရနိုင်တယ်။ ဘရိုက်တန်ရဲ့လက်ရှိဟန်ချက်ကလည်း အနည်းငယ်ပျက်နေတယ်။ နယူးကာဆယ်အသင်းအိမ်ကွင်းမှာ ကပ်နိုင်သွားဖို့ရှိတယ်။

Selhurst Park

ပဲလေ့စ် - ဝုဖ်

ယမန်နှစ်ရလဒ် - ဝုဖ် ၀-၂ ပဲလေ့စ်

ပဲလေ့စ်၏ နောက်ဆုံးသုံးပွဲရလဒ်			ဝုဖ်၏ နောက်ဆုံးသုံးပွဲရလဒ်		
စပါး	၄-၀	ပဲလေ့စ်	ဝုဖ်	၂-၅	ချယ်လ်ဆီး
ပဲလေ့စ်	၁-၀	ဗီလာ	အဲဗာတန်	၃-၂	ဝုဖ်
ပဲလေ့စ်	၀-၀	ကိုချက်စတာ	ဝုဖ်	၂-၁	တိုရီနို

ပဲလေ့စ်အသင်းရဲ့လက်ရှိခြေစွမ်းက အားရစရာတော့မကောင်းဘူး။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ စပါးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားခဲ့တယ်။ ဝုဖ်အသင်းရဲ့ ခြေစွမ်းကလည်း ရာသီအစမှာကောင်းနေခဲ့ပေမယ့် နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံထားတယ်။ ဝုဖ်အသင်းအနေနဲ့ ဒီပွဲကိုမရှုံးအောင် အားစိုက်လိမ့်မယ်။ အနိုင်အရှုံးကပြတ်သားဖို့ မလွယ်ဘူး။

London

ဝက်စ်ဟမ်း - မန်ယူ

ယမန်နှစ်ရလဒ် - မန်ယူ ၂-၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲရလဒ်			မန်ယူ၏ နောက်ဆုံးသုံးပွဲရလဒ်		
ဗီလာ	၀-၀	ဝက်စ်ဟမ်း	မန်ယူ	၁-၀	လက်စတာ
ဝက်စ်ဟမ်း	၂-၀	နော့ဝစ်ချ်	ဆောက်သမ်တန်	၁-၁	မန်ယူ
နယူးပို့	၀-၂	ဝက်စ်ဟမ်း	မန်ယူ	၁-၂	ပဲလေ့စ်

ဝက်စ်ဟမ်းအသင်းရဲ့ ဒီနှစ်ရာသီခြေစွမ်းက တည်ငြိမ်တယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကောင်းမွန်တယ်။ မန်ယူအသင်းရဲ့ ခြေစွမ်းကတော့ အကောင်းဆုံးလို့ မဆိုသာသေးဘူး။ ယူရိုပွဲ ကစားထားရတာကြောင့် ကစားသမားတွေ ပွဲပန်းမှု အနည်းငယ်ရှိနိုင်တယ်။ မန်ယူအသင်းအနေနဲ့ အဝေးကွင်းမှာ ဝက်စ်ဟမ်းအသင်းကို အနိုင်ကစားဖို့ မလွယ်ဘူး။ သရေကျနိုင်လောက်သာ အများဆုံးရနိုင်မယ်။

Emirates

အာဆင်နယ် - ဗီလာ

ယမန်နှစ်ရလဒ် - အာဆင်နယ် ၄-၀ ဗီလာ

အာဆင်နယ်၏ နောက်ဆုံးသုံးပွဲရလဒ်			ဗီလာ၏ နောက်ဆုံးသုံးပွဲရလဒ်		
ဝက်ဖို့ဒ်	၂-၂	အာဆင်နယ်	ဗီလာ	၀-၀	ဝက်စ်ဟမ်း
အာဆင်နယ်	၂-၂	စပါး	ပဲလေ့စ်	၁-၀	ဗီလာ
လီဗာပူး	၃-၁	အာဆင်နယ်	ခရူဝီ	၁-၆	ဗီလာ

အာဆင်နယ်အသင်းရဲ့ တိုက်စစ်ပိုင်းက ကောင်းမွန်တယ်။ တိုက်စစ်မှူးတွေကလည်း ပွဲတိုင်းနီးပါး ဂိုးတွေသွင်းယူပြီး ခြေစွမ်းပြနေတယ်။ ဒါပေမယ့် ခံစစ်ပိုင်းက ပြဿနာရှိတယ်။ ဗီလာအသင်းရဲ့ ခြေစွမ်းက ဒီနှစ်ရာသီ အစကတည်းက ဆက်တိုက်ဆိုသလို ကျဆင်းနေပြီး တန်းဆင်းဇုန်ကလွတ်ဖို့ မနည်းရုန်းကန်နေရတယ်။ အာဆင်နယ်အသင်းအနေနဲ့ အိမ်ကွင်းမှာ အနိုင်ကပ်ရမယ်။

Stamford Bridge

ချယ်လ်ဆီး - လီဗာပူး

ယမန်နှစ်ရလဒ် - လီဗာပူး ၂-၂ ချယ်လ်ဆီး

ချယ်လ်ဆီး၏ နောက်ဆုံးသုံးပွဲရလဒ်			လီဗာပူး၏ နောက်ဆုံးသုံးပွဲရလဒ်		
ချယ်လ်ဆီး	၀-၁	ဗလန်စီယာ	နာပိုလီ	၂-၀	လီဗာပူး
ဝုဖ်	၂-၅	ချယ်လ်ဆီး	လီဗာပူး	၃-၁	နယူးကာဆယ်
ချယ်လ်ဆီး	၂-၂	ရှက်ဖီးလ်ယူ	ဘန်လေ	၀-၃	လီဗာပူး

ချဲလ်ဆီးအသင်းရဲ့ ခြေစွမ်းကအကောင်းဆုံးလို့ မဆိုနိုင်ပေမယ့် ပရီမီယာလိဂ် ပွဲတိုင်းနီးပါး ဂိုးသွင်းယူထားနိုင်တာကို တွေ့ရတယ်။ အသင်းရဲ့ လူငယ်ကစားသမားကောင်းတွေကလည်း ခြေစွမ်းပြဂိုးတွေ သွင်းနေတယ်။ ချန်ပီယံလိဂ်မှာ ရှုံးပွဲကြုံထားတဲ့ လီဗာပူးအသင်းအနေနဲ့ ဒီပွဲကို အားစိုက်ကစားလိမ့်မယ်။ အပြန်အလှန် သွင်းဂိုးတွေ တွေ့မြင်ရမယ်။

မက်ဆီ၊ ရော်နယ်ဒိုတို့၏ နေရာအား စတာလင်း ဆက်ခံလိမ့်မည်ဟု ဇာဗီပြောဆို

မန်စီးတီးအသင်း တောင်ပံတိုက်စစ်ကစားသမား ရာဟီး စတာလင်းသည် ခရစ္စတီယာနို ရော်နယ်ဒို၊ လီယွန်နယ် မက်ဆီ တို့၏ ကမ္ဘာ့အကောင်းဆုံးကစားသမားနေရာတွင် အစားဝင်နိုင်သူ ဖြစ်လာလိမ့်မည်ဟု ဘာစီလိုနာကွင်းလယ်ကစားသမားဟောင်း ဇာဗီက ဟောကိန်းထုတ် ပြောဆိုလိုက်သည်။

လက်ရှိအချိန်တွင် ကာတာကလပ် အယ်လ်ဆက်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူ စပိန်ကွင်းလယ်ကစားသမားဟောင်း ဇာဗီ(၃၉ နှစ်)သည် ဘာစီလိုနာအသင်းတွင် ကစားခဲ့စဉ် ကာလများအတွင်း ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားများအနက်မှ တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်ပြီး ဘာစီလိုနာ အသင်းတွင် မက်ဆီနှင့် တွဲဖက်ကစားခဲ့သူဖြစ်သည်။

နေမာ၊ အမ်ဘာပေ၊ ဆာလက် စသည့် ကစားသမားများသည်လည်း မက်ဆီ၊ ရော်နယ်ဒိုတို့၏ နေရာတွင် အစားဝင်နိုင်ရန် အလားအလာရှိသူများ ဖြစ်သော်လည်း အင်္ဂလန်ကစားသမား စတာလင်းသည် အဆိုပါကစားသမားများကို ဖြတ်ကျော်သွားလိမ့်မည်ဟု ဇာဗီက ပြောဆိုခဲ့သည်။

"မက်ဆီနဲ့ ရော်နယ်ဒိုတို့ဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုတွေကို နှစ်ပေါင်းများစွာ သိမ်းပိုက်ထားခဲ့ကြပါတယ်။ သူတို့အရင် ဘယ်ကစားသမားတွေက ဒီဆုတွေ ရခဲ့သလဲဆိုတာကိုတောင် ပြန်သတိရဖို့ ခပ်ခက်ခက်ပါပဲ။ ကျွန်တော့်အမြင်အရတော့ မက်ဆီက ပိုကောင်းတဲ့ ကစားသမားပါ။ ဒါပေမယ့် မက်ဆီရော ရော်နယ်ဒိုပါ အလွန်မြင့်မားတဲ့ ခြေစွမ်းအဆင့်အတန်းမျိုးနဲ့ ကစားနေနိုင်သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နေရာကို အခြားကစားသမားတွေ အစားဝင်လာမယ့်နေ့ကတော့ ရောက်ရှိလာပါလိမ့်မယ်။ လူငယ်ကစားသမားတွေအနက်က ဘယ်သူတွေက မက်ဆီ၊ ရော်နယ်ဒိုတို့နေရာကို အစားဝင်နိုင်မလဲလို့ ကြည့်မယ်ဆိုရင် နေမာ၊ အမ်ဘာပေ၊ ဆာလက်နဲ့ စတာလင်းတို့ကို တွေးမိကြပါလိမ့်မယ်။ ကျွန်တော်ကတော့ စတာလင်းဟာ ဒီပြိုင်ပွဲမှာ အနိုင်ရသွားမယ်လို့ ထင်တယ်။ စတာလင်းအနေနဲ့ အရင်ကတည်းက ကစားသမားကောင်းတစ်ဦး၊ ပြိုင်ဘက်တွေအတွက် အန္တရာယ်ရှိတဲ့ ကစားသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် မန်နေဂျာဂွါဒီယိုလာရဲ့လက်အောက်မှာ သူဟာ ကမ္ဘာ့အကောင်းဆုံးတွေထဲက တစ်ဦးဖြစ်လာခဲ့တယ်။ မန်စီးတီး မန်နေဂျာ ဂွါဒီယိုလာ ဘယ်လိုအလုပ်လုပ်သလဲဆိုတာကို ကျွန်တော် သိပါတယ်။ သူဟာ စတာလင်းနဲ့ နီးနီးကပ်ကပ် အလုပ်လုပ်တယ်။ အကျိုးရလဒ်ကတော့ အခုမြင်တွေ့ရတဲ့အတိုင်းပါပဲ။ စတာလင်းဟာ ငယ်ရွယ်သေးသူဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမား ဖြစ်လာနိုင်သူပါ"ဟု ဇာဗီက ပြောဆိုခဲ့သည်။

မန်စီးတီးအသင်းအနေဖြင့် ယခုရာသီတွင် ချန်ပီယံလိဂ် ဆုဖလားရရှိရေးကို ပိုမိုဦးစားပေးလာလိမ့်မည်ဖြစ်ကြောင်း လည်း ဇာဗီက ပြောဆိုခဲ့သည်။

ထက်အောင်

လေယာဉ်မတော်တဆမှုသဏ္ဍာန်တူ အရေးပေါ်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးသတ်ဦးစီးဌာနနှင့် အရေးပေါ် ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှုကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အခမ်းအနားတွင် လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦးတို့မှ ပိုလန်နိုင်ငံထုတ် မီးငြိမ်းသတ်ကယ်ဆယ်ရေးယာဉ်တစ်စီးနှင့် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်တစ်စီး၊ လေဆိပ်မီးသတ်တပ်ဖွဲ့မှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ လေယာဉ်မီးငြိမ်းသတ်ယာဉ် သုံးစီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် မတော်တဆမှုဖြစ်သည့် လေယာဉ်ပေါ်ပါ ခရီးသည်များအား ကယ်ထုတ်ခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို Pioneer Aerodrome Service Co.,Ltd မှ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်
(မန်းတက္ကသိုလ်)

လေရှီးမြို့နယ်အတွင်း ကျေးရွာများရှိ စပါးခင်းများ၌ ကြွက်များကျရောက်လျက်ရှိ

လေရှီး စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးထားသော မိုးစပါး ဧက ၅၀ ကျော်တွင် ကြွက်များကျရောက်ဖျက်ဆီးနေသဖြင့် နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ကျန်နေရာများရှိ စပါးခင်းများတွင် ဖျက်ဆီးမှုမရှိစေရေး ကျေးရွာတောင်သူများနှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိကြောင်း လေရှီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစန်းဝါက ပြောကြားသည်။

"မြို့နယ်အတွင်းက ကျေးရွာအုပ်စုလေးစုက ကျေးရွာခုနစ်ရွာမှာ စိုက်ပျိုးထားတဲ့ လယ်တွေမှာ ကြွက်တွေကျတာ တစ်ပတ်ကျော်လောက်ရှိပြီ။ ကျွန်တော်တို့လည်း သတင်းကြားကြားချင်း အဲဒီနေရာတွေကို သွားပြီးတော့ နှိမ်နင်းရေးတွေလုပ်တာ။ အခုတော့ ငြိမ်သွားပြီ၊ အခုကြွက်ကျတာက လယ်ကွက်ထဲမှာ တစ်ကွက်လိုက် တစ်ကွက်လိုက်ကျတာမျိုးဖြစ်နေတာ၊ အခုနှစ်မှာ ဝါးပင်တွေက အသီးသီးတယ်၊ ဝါးသီးသီးတဲ့နှစ်ဆို ကြွက်တွေကျတတ်တယ်။ အခု ကြွက်သတ်ဆေးတွေသုံးပြီး နှိမ်နင်းရေးတွေ လုပ်ဆောင်ပေးထားတယ်၊ ဒီနေ့လည်း ရွာနှစ်ရွာမှာ ကြွက်ကျတယ်လို့ သတင်းပေးတဲ့အတွက် လိုအပ်တာတွေ ဆောင်ရွက်နေပါတယ်"ဟု လေရှီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

ဝင်းဦး(ဇေယျာတိုင်း)

နိုင်ငံတစ်ဝန်းရှိ ရေပိုလျှံမှု ရေကျော်သည့် ရေလှောင်တမံ ၃၇ ခု စာရင်း

(၁၉-၉-၂၀၁၉)ရက်နေ့ ရေပိုလျှံမှု ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ)	ရေလှောင် ပမာဏ (ဧကပေ)	ရေ အနက် (ပေ)	ရေလှောင် ပမာဏ (ဧကပေ)	မိုး ရေချိန် (လက်မ)	ရေပိုလျှံမှု ရေကျော် အမြင့်(ပေ)
		ကရင်ပြည်နယ်						
၁	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်/	၃၆	၂၉၇၇	၃၆.၄၅	၂၉၆၂၉	၀.၃၁	၀.၄၅
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				
		ချင်းပြည်နယ်						
၂	လိုင်ဗားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၁	၆၉.၂၀	၁၉၀၉	၀.၁၇	၀.၄၀
		ဖလမ်းမြို့	၂၆	၁၀၃				
		စစ်ကိုင်းတိုင်းဒေသကြီး						
၃	ရာဇဗြိုဟ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	၁၄၆.၅၀	၅၃၄၂၅	-	၁.၅၀
		ကလေးမြို့	၈၅	၈၀၀၀				
		ပဲခူးတိုင်းဒေသကြီး (အရှေ့)						
၄	ပသိရေလှောင်တမံ	တောင်ငူခရိုင်/	၈၀	၃၀၅၀၀	၈၀.၅၀	၃၀၉၇၅	-	၀.၅၀
		တောင်ငူမြို့	၂၅.၆	၁၅၀၅				
၅	ရေသိုးရေလှောင်တမံ	တောင်ငူခရိုင်/	၅၀	၁၅၅၀၀	၅၁.၄၀	၁၇၅၇၉	-	၁.၄၀
		အုတ်တွင်းမြို့	၂၂.၈၅	၇၂၅				
၆	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	၃၈.၃၀	၂၃၈၀	-	၀.၃၀
		အုတ်တွင်းမြို့	၂၅	၅၀၀				
၇	ငမြွေရေလှောင်တမံ	တောင်ငူခရိုင်/	၄၆	၂၃၈၀	၄၆.၁၀	၂၃၉၄	၀.၃၀	၀.၁၀
		ဖြူးမြို့	၂၇.၅	၃၅၀				
၈	ဖြူးချောင်းရေလှောင်တမံ	တောင်ငူခရိုင်/	၂၁၉	၆၃၂၅၃၃	၂၂၃.၀၀	၆၉၄၇၀၈	-	၄.၀၀
		ဖြူးမြို့	၁၁၆.၆	၂၉၉၄၉				
၉	ရဲနွယ်ရေလှောင်တမံ	ပဲခူးခရိုင်/	၂၀၅	၉၃၁၀၀၀	၂၀၆.၈၀	၉၆၆၉၂၅	၀.၁၉	၁.၈၀
		ကျောက်တံခါးမြို့	၈၈.၂	၃၄၉၀၀				
၁၀	ဘိုင်းဒါးရေလှောင်တမံ	ပဲခူးခရိုင်/	၁၀၉	၃၇၃၉၀၂	၁၀၉.၂၀	၃၇၆၆၅၉	၂.၃၆	၀.၂၀
		ဒိုက်ဦးမြို့	၆၂	၅၆၂၀၀				
၁၁	ဘောနီရေလှောင်တမံ	ပဲခူးခရိုင်/	၇၃	၃၅၂၀၀	၇၃.၈၀	၃၆၄၈၀	၁.၂၉	၀.၈၀
		ဒိုက်ဦးမြို့	၃၃	၂၄၀၀				
၁၂	ပျဉ်ပုံကြီးရေလှောင်တမံ	ပဲခူးခရိုင်/	၄၀	၁၁၁၃၀	၄၁.၃၀	၁၁၅၀၉	၀.၉၀	၁.၃၀
		ဒိုက်ဦးမြို့	၈	၁၄၂၈				
၁၃	မဇင်းရေလှောင်တမံ	ပဲခူးခရိုင်/	၅၂	၂၆၁၈၆	၅၃.၄၀	၂၈၁၆၅	-	၁.၄၀
		ပဲခူးမြို့	၂၅	၂၄၇၆				
၁၄	ဇလက်ထော်ရေလှောင်တမံ	ပဲခူးခရိုင်/	၃၉.၅	၁၈၉၁၂	၄၀.၇၀	၂၀၂၇၀	-	၁.၂၀
		ပဲခူးမြို့	၁၂.၅	၇၅၀				
		ပဲခူးတိုင်းဒေသကြီး (အနောက်)						
၁၅	ဝဲကြီးရေလှောင်တမံ	ပြည်ခရိုင်/	၁၀၂	၂၅၂၀၀၀	၁၀၂.၇၀	၂၅၇၆၀၀	၀.၇၂	၀.၇၀
		ပေါင်းတည်မြို့	၇၀	၂၅၀၀၀				
၁၆	တောင်ညိုရေလှောင်တမံ	သာယာဝတီခရိုင်/	၉၅	၂၁၀၀၀၀	၉၆.၅၀	၂၂၃၀၀၀	၀.၇၀	၁.၅၀
		နတ္တလင်းမြို့	၅၇.၅	၂၁၉၅၀				
၁၇	ဘော်ဘင်ရေလှောင်တမံ(၂) (ဘော်ဘင်ချောင်း)	သာယာဝတီခရိုင်/	၁၀၀	၂၆၅၈၈	၁၀၀.၅၀	၂၇၀၇၈	၁.၁၈	၀.၅၀
		ဇီးကုန်းမြို့	၆၅	၅၈၄၂				
၁၈	စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ	သာယာဝတီခရိုင်/	၂၇	၂၂၂၉	၂၇.၁၀	၂၂၅၉	၀.၂၄	၀.၁၀
		အုတ်ဖိုမြို့	၁၉	၄၈၄				
၁၉	ကံတင်ဘီးလင်းရေလှောင်တမံ	သာယာဝတီခရိုင်/	၁၀၅	၁၃၄၁၇၅	၁၀၇.၃၀	၁၄၅၃၆၀	၀.၇၉	၂.၃၀
		မင်းလှမြို့	၅၅	၇၅၇၈				
၂၀	သဲကောရေလှောင်တမံ	သာယာဝတီခရိုင်/	၆၆	၅၂၅၀၀	၆၇.၄၀	၆၁၂၀၀	-	၁.၄၀
		လက်ပံတန်းမြို့	၄၀	၄၁၂၀				
		မကွေးတိုင်းဒေသကြီး						
၂၁	မြစ်သာရေလှောင်တမံ	ဂန့်ဂေါခရိုင်/	၁၈၅	၃၇၇၆၀၀	၁၈၅.၆၅	၃၈၁၈၇၇	-	၀.၆၅
		ဂန့်ဂေါမြို့	၁၃၅	၁၅၂၉၁၅				
၂၂	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	၁၄၁.၄၀	၆၃၅၆၉၈	၀.၀၆	၁.၄၀
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				
၂၃	မန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၀	၁၂၀၀၀၀	၁၂၀.၉၀	၁၂၃၆၀၀	-	၀.၉၀
		ငဖဲမြို့	၆၀	၁၀၅၀၀				
၂၄	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	၁၂၆.၉၀	၃၃၄၆၆၀	-	၃.၄၀
		ပွင့်ဖြူ	၅၆	၂၄၃၇၂				
၂၅	ပဒဲရေလှောင်တမံ	သရက်ခရိုင်/	၁၀၅	၃၂၈၉၀	၁၀၅.၅၀	၃၃၅၅၉	၀.၇၀	၀.၅၀
		အောင်လံမြို့	၇၈	၈၉၃၀				
		မန္တလေးတိုင်းဒေသကြီး						
၂၆	လက်ခုပ်ပင်ရေလှောင်တမံ	မိတ္ထီလာခရိုင်/	၂၇	၉၅၀	၂၇.၃၀	၉၉၅	-	၀.၃၀
		မိတ္ထီလာမြို့	၂၄	၆၆၈				
၂၇	လွန်ငင်ရေလှောင်တမံ	မိတ္ထီလာခရိုင်/	၂၈.၅	၄၃၄	၂၈.၈၀	၄၅၆	-	၀.၃၀
		မိတ္ထီလာမြို့	၂၄	၂၀၇				
၂၈	ချောင်းကောက် ရေလှောင်တမံ	ရမည်းသင်းခရိုင်/	၆၅.၅	၁၃၆၂၅	၆၅.၈၀	၁၃၈၅၀	-	၀.၃၀
		ပျော်ဘွယ်မြို့	၅၄	၅၀၀၀				
		ရခိုင်ပြည်နယ်						
၂၉	ပြိုင်းချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၉၆	၂၅၂၀၅	၉၆.၁၀	၂၅၂၅၅	၀.၄၀	၀.၁၀
		ကျောက်တော်မြို့	၂၆	၁၀၅၄				
၃၀	ရှောက်ချောင်း ရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၁၄၀	၄၃.၇၀	၁၁၈၄	၃.၀၀	၀.၇၀
		ကျောက်တော်မြို့	၁၇	၁၂၀				
		ရန်ကုန်တိုင်းဒေသကြီး						
၃၁	လဂွမ်းပြင်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၅၄	၁၄၈၈၀၀	၅၄.၇၅	၁၅၀၈၂၅	၀.၆၃	၀.၇၅
		လှည်းကူးမြို့	၁၈	၅၁၆၀				
၃၂	မဟူရာ(ငမိုးရိပ်)အကူ ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၉၀	၅၃၉၉၂	၉၀.၅၀	၅၄၉၄၃	-	၀.၅၀
		လှည်းကူးမြို့	၃၄	၂၅၀၀				
၃၃	ငမိုးရိပ်ရေလှောင်တမံ	ရန်ကုန်(မြောက်ပိုင်း)ခရိုင်/	၆၂	၁၈၀၀၀၀	၆၃.၆၀	၁၉၅၂၀၀	-	၁.၆၀
		လှည်းကူးမြို့	၃၆	၁၂၀၀၀				
၃၄	ဘန့်ဘွေးကုန်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၃	၁၇၃၅	၁၃.၅၀	၁၈၄၅	-	၀.၅၀
		ကျောက်တန်းမြို့	၂.၅၀	၁၅၀				
၃၅	ဇာမဏီအင်းရေလှောင်တမံ	ရန်ကုန်(တောင်ပိုင်း)ခရိုင်/	၁၂	၅၃၆၄	၁၂.၅၈	၅၇၇၃	-	၀.၅၈
		သန်လျင်မြို့	၂	၃၂၆				
		ဧရာဝတီတိုင်းဒေသကြီး						
၃၆	နန်ကသူရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၃၈	၄၀၄၈၇	၁၃၈.၁၀	၄၀၅၃၅	-	၀.၁၀
		အင်္ဂပူမြို့	၅၈	၆၆၁၈				
၃၇	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	၁၇၄.၈၀	၁၄၆၅၁၂	-	၀.၈၀
		အင်္ဂပူမြို့	၈၆	၂၆၈၈၀				

နယ်လှည့်စာကြည့်တိုက်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပဆောင်ရွက်

ကလော စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက လမိုင်းကျေးရွာအုပ်စု ပေါက်ကဲကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီက နန်းတိုင်းကျေးရွာအုပ်စု ပန်းဖယ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်း၊ စာအုပ်လှူဒါန်းခြင်းနှင့် စာဖတ်ဝိုင်းတို့ကို ကျင်းပဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ကလောမြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းမော်က စာဖတ်ရိုန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်းကျင်းပရခြင်းနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောခဲ့ပြီး စာပေရေချမ်းစင် စာအုပ်များကို ကျောင်းစာကြည့်တိုက်အတွက် ကျောင်းအုပ်ဆရာမကြီးတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ဗဟုသုတရဖွယ်၊ သုတ/ရသ၊ ရုပ်ပြ စာအုပ်များ ဖတ်ရှုလေ့လာကြပြီး ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် လမိုင်းကျေးရွာအုပ်စု ပေါက်ကဲကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူ ၁၈၁ ဦးနှင့် ပန်းဖယ် ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၃ တို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

နေပြည်တော်ရှိ ရေလှောင်တမံများ၏ ရေဝင်ရောက်မှုအပေါ် မူတည်၍ စိုက်ပျိုးရေ ခြိုးခြံချွေတာပြီး ပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

စိုက်ခင်းများအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အချို့သော ရေလှောင်တမံများတွင် ယခုနှစ် မိုးရာသီ၌ ရေဝင်ရောက်မှု နည်းပါးလျက်ရှိပြီး တမံအတွင်း ရေဝင်ရောက်မှုပမာဏမှာ ယခင်နှစ် ကာလတူ ပမာဏများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းလျက်ရှိကြောင်း ရေဝင်ရောက်မှုပေါ်မူတည်၍ စိုက်ပျိုးရေ ခြိုးခြံချွေတာပြီး ပေးဝေနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (နေပြည်တော်) မှ သိရသည်။

လက်ရှိတွင် ရေလှောင်တမံများမှ မိုးစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး အချို့ရေလှောင်တမံ များတွင် ဒေသတွင်း သောက်သုံးရေကို လိုအပ်သလို ပေးဝေလျက်ရှိကြောင်း၊ ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းနေမှုအခြေအနေများအရ စိုက်ပျိုးရေကို အထူးခြိုးခြံချွေတာပြီး အလေအလွင့်မရှိ အနည်းဆုံးပမာဏဖြင့် ပေးဝေနိုင်ရေး အထူးအလေးထား စီမံဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးကလည်း အခါမလပ် ညွှန်ကြားလျက်ရှိသောကြောင့် လက်ရှိစိုက်ပျိုးရေပေးဝေလျက်ရှိသော ရေလှောင်တမံများတွင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှု လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသလို တမံများအတွင်း လက်ကျန်ရေ ပိုမိုသိုလှောင်သွားနိုင်စေရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးစပါးအောင်ရေအထိ ပေးဝေပြီးနောက် တမံများအတွင်း လက်ကျန်ရေပိုမိုသိုလှောင်နိုင်ရန် စီမံထားရှိမှုအရလည်းကောင်း၊ ရေထပ်မံဝင်ရောက်နိုင်မှု အခြေအနေများအရ လည်းကောင်း ယခုနှစ် မိုးရာသီကုန်တွင် တမံများအတွင်းရေသိုလှောင်ထားနိုင်မှုပေါ် မူတည်၍ လာမည့်နွေရာသီ စိုက်ပျိုးရာသီတွင် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရေးအတွက် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေညှိနှိုင်းမှုအဖွဲ့များ၊ တောင်သူများနှင့် ကြိုတင်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သလို စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မွှေး

မင်းတပ်မြို့၌ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ နှစ်လဲ သက်တမ်းတိုးပေး

မင်းတပ် စက်တင်ဘာ ၁၉

ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်မြို့ မြို့မဘောလုံးကွင်းဝင်းအတွင်း၌ မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ နှစ်လဲသက်တမ်းတိုးပေးခြင်းကို ပခုက္ကူကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးခဲ့သည်။

မော်တော်ယာဉ် ၁၅ စီး၊ မော်တော်ဆိုင်ကယ် ၉၈ စီးနှင့် သုံးဘီးဆိုင်ကယ် ငါးစီးတို့ကို ယာဉ်မှတ်ပုံတင် ပြုလုပ်ဆောင်ရွက်ပေးပြီး အသစ် ၁၁၂စီး၊ နှစ်လဲ သုံးစီးတို့ကို ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးကြောင်း ပခုက္ကူကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးသန့်-၁(လက်ထောက်အင်ဂျင်နီယာ)ထံမှ သိရသည်။

ဂေဇေ(ပြန်/ဆက်)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ တီးတိန်တွင်ပြုလုပ်

တီးတိန် စက်တင်ဘာ ၁၉

ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြောပွဲကို တီးတိန်မြို့ ခွာဒိုခန်းမ၌ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆွင်းလျန်းကိမ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအား မိတ်ဆက်ပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ခံ ဒေါ်တင်နီလာအေးက ကလေးသူငယ်မွေးစားခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ချင်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးငွေဂိုးထန်နှင့် လူမှု-၃ ဦးလွန်ထွန်းပွေးတို့က ကလေးသူငယ်အခွင့်အရေး ကျင့်ဝတ်စည်းကမ်းများနှင့်ကလေးသူငယ်များ၏ ပြစ်မှုပြစ်ဒဏ်အကြောင်းများ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသောအချက်များအား တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တီးတိန်မြို့နယ်အတွင်းရှိ တည်ထောင်ခွင့်ရရှိသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများမှ ဆရာမများနှင့်ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြင်းခင်းသာကျေးရွာ၌ UNICEF အကူအညီဖြင့် အိမ်တိုင်ရာရောက်သောက်သုံးရေရရှိရေး ဆောင်ရွက်မည်

စလင်း စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မကျီးဖျားကျေးရွာအုပ်စု မြင်းခင်းသာကျေးရွာ၌ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ UNICEF ၏ ထောက်ပံ့အကူအညီဖြင့် အိမ်တိုင်ရာရောက်သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာတွင် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၌ UNICEF မှ လိုအပ်သောရေပိုက်များကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာ အကူအညီဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြသည်။

သောက်သုံးရေရရှိရေးအတွက် အင်ဂျင်နီယာအဖွဲ့က တိုင်းတာမှုများ ပြုလုပ်နေစဉ်။

ထိုသို့ အိမ်တိုင်ရာရောက်သောက်သုံးရေရရှိရေးဆောင်ရွက်ရန် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသသောက်သုံးရေရရှိရေးတာဝန်ခံအင်ဂျင်နီယာ ဒေါ်နှင်းအိခိုင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် လက်တွေ့ကွင်းဆင်းကာ တိုင်းတာမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြင်းခင်းသာကျေးရွာတွင် အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်မှ လူဦးရေ ၂၂၅ ဦးတို့မှာ ရေမီတာစနစ်ဖြင့် သောက်သုံးရေများဖူလုံစွာရရှိလာတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောပြသည်။

ငြိမ်းသူ(စလင်း)

လမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် မြေနေရာအတွက် လျော်ကြေးငွေပေးအပ်

ဂန့်ဂေါ စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အောင်မြင်ရွာနှင့် ချင်းပြည်နယ် အိုက်ကာသို့ဆက်သွယ်သည့် ဂန့်ဂေါ- အိုက်ကာ လမ်းတွင် လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၁၂)က ဂန့်ဂေါမြို့နယ် အောင်မြင်ရွာအနီး၌ တာဝန်ယူဆောက်လုပ်နေသည့် တံတားဆောက်လုပ်ခြင်းတွင် ပါဝင်သော မြေနေရာများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အဆိုပါ လျော်ကြေးငွေပေးအပ်ပွဲတွင် လမ်းတံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၂) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဟန်နှင့် ဂန့်ဂေါမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အောင်မြင်ကျေးရွာနေ တောင်သူ ဦးချစ်သန်းအား ယာမြေ ၀ ဒသမ ၁၁ ဧကအတွက် ငွေကျပ် ၂၇၅၀၀၀ ကျပ်ကိုလည်းကောင်း၊ ရှုံးရှီ ကျေးရွာနေ တောင်သူ ဦးကျော်ကျော်ထွန်းအား ယာမြေ ၀ ဒသမ ၀၆ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၁၅၀၀၀၀ ကျပ်ကိုလည်းကောင်း ပေးအပ်ကြသည်။

(၁၄၄)

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန မှ ဦးဆောင် ၍ လျှပ်စစ်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးအောင်ကျော်စိုးတို့က လျှပ်ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရန်များ၊ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေး ဆောင်ရွက်ခြင်း၊ ရှေးဦးပြုစုခြင်းတို့အား လက်တွေ့သရုပ်ပြခြင်းတို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြစဉ်။

ကျော်သူရ(ကော့မှူး)

ချောင်းတိမ်ချောင်းရေကြီးရေလျှံမှုကြောင့် လမ်းမပေါ်၌ တင်ကျန်ရစ်ခဲ့သော သဲနှင့်ရွှံ့နွံများ ရှင်းလင်း

ရေနံချောင်း စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ချောင်းတိမ်ချောင်း ရေကြီးရေလျှံမှုဖြစ်ကာ ရန်ကုန်-မန္တလေးလမ်း လမ်းမတော်လမ်းမကြီးပေါ်၌ သဲနှင့်ရွှံ့နွံများတင်ကျန်ခဲ့ပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားများနှင့် စက်တင်ဘာ ၁၉ ရက်က ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုစိုးကြီး

မြစ်ကြီးနားကောလိပ် ၁၉၇၄-၇၅-၇၆ ပညာသင်နှစ် ကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ် အာစရိယ ပူဇော်ပွဲ ကျင်းပရေး

မြစ်ကြီးနားကောလိပ်တွင် ၁၉၇၄-၇၅-၇၆ ထိပညာသင်ယူခဲ့ကြသော ကျောင်းသား/သူ ဟောင်းများ၏ တတိယအကြိမ် မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၉၊ ၃၀ရက်များတွင် မန္တလေးမြို့ HOTEL QUEEN ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား/သူဟောင်းများ အားလုံးတက်ရောက်နိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဘဏ်စာရင်းအမှတ် 12530206300084201 KBZ ဘဏ်ခွဲ MDY 15

၁။ ဦးခင်မောင်ဝင်း (သင်္ချာ) မန္တလေး-ဖုန်း-၀၉-၉၇၅၂၃၈၂၈၅
၂။ ဦးထွန်းဝင်းအောင်(ရူပဗေဒ) မန္တလေး-ဖုန်း-၀၉-၂၀၁၅၈၉၅
၃။ ဦးခင်မောင်တင်(သမိုင်း) မန္တလေး-ဖုန်း-၀၉-၂၀၃၃၄၆၂
၄။ ဦးချိုတူး (သတ္တဗေဒ) မန္တလေး-ဖုန်း-၀၉-၉၁၀၀၉၀၂၆
၅။ ဒေါ်ခင်ဆွေမြင့်(ရူပဗေဒ)ပြင်ဦးလွင်-ဖုန်း-၀၉-၂၀၀၉၄၉၄
၆။ ဦးတက်ဝင်း(ရူပဗေဒ) မုံရွာ-ဖုန်း-၀၉-၂၁၃၂၅၁၇
၇။ ဦးသာဌေး(ရူပဗေဒ)မိုးညှင်း-ဖုန်း-၀၉-၂၅၆၃၅၁၃၄၄
၈။ ဦးတင်မောင်ချို(သင်္ချာ) ရန်ကုန်-ဖုန်း-၀၉-၅၀၁၈၃၅၆
၉။ ဦးမျိုးမြင့်(သင်္ချာ)ရန်ကုန် ဖုန်း-၀၉-၉၆၅၀၄၉၁၀၁

အသိပေးကြေညာခြင်း

Berjaya Corporation Berhad ၏ မြန်မာနိုင်ငံရှိ ဆက်စပ်သည့် အဖွဲ့အစည်းများ (Related Body Corporates) ဖြစ်ကြသော Berjaya HT Eco Company Limited နှင့် Berjaya Myanmar Investment Limited တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်း တည်ထောင်ထားရှိပြီး ရင်း နှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် အခြားစီးပွားရေး လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါသည်။

ယခုအခါ မသမာသူအချို့မှ Berjaya၏ နာမည်ကောင်း ရှိမှုကို အသုံးချ၍ Berjaya မှ ၎င်းတို့အား လုပ်ငန်းများ အပ်နှံထားကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေကြောင်း စသည့်မဟုတ်မမှန်သောအချက် အလက်များကို ဖော်ပြပြော ဆိုကာ၊ လိမ်လည်လှည့်ဖြားခြင်း၊ မရိုးမဖြောင့်သောသဘောနှင့်သွေးဆောင်ခြင်း၊ စာရွက်စာတမ်းအတုပြုလုပ်ခြင်းတို့ကို ဆောင် ရွက်လျက်ရှိကြောင်း ကြားသိရပါသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင်အခြား စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ မိမိတို့ Berjaya HT Eco Company Limited နှင့် Berjaya Myanmar Investment Limited တို့ကိုသာလျှင် အပြည့်အဝ လွှဲအပ်ထားရှိပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ် ပါသည်။ သို့ဖြစ်ရာ အဆိုပါမသမာသူတို့ကြောင့် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာသည် မိမိတို့ Berjaya HT Eco Company Limited နှင့် Berjaya Myanmar Investment Limited တို့နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း မရှိပါကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။ ထို့ပြင် Berjaya ၏နာမည်ကောင်း ရှိမှုကို အခွင့်မရှိဘဲ အသုံးချသူ မည်သူတစ်ဦးတစ်ယောက် ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Board of Directors	**Board of Directors**
BERJAYA HT ECO COMPANY LIMITED	**BERJAYA MYANMAR INVESTMENT LIMITED**
(Co.Reg.No.102222768)	**(Co.Reg.No.102368789)**
Suite No.#10-10,No.3/A,Junction City Tower,Bogyoke Aung San Road,Pabedan Township, Yangon.	**Unit-12, 1st Floor, No.379, Shwebontha Street, Pabedan Township, Yangon.**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ (၁၆)လုပ်သားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် (၃၃/က+၃၃/ခ)၊ ဧရိယာ ၁ဒသမ၄၇၅ဧကပေါ်တွင် ၅၈·၆ပေ×၅၅ပေအကျယ်အဝန်းရှိ (၄)ခန်းတွဲ(၇)ထပ် (မြေညီထပ်ကားပါကင်အပါအဝင်)ဝန်ထမ်းအိမ်ရာ(၃)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် 500 KVA Transformer (၂)လုံးတည်ဆောက် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်	-	၂၆-၉-၂၀၁၉ရက် (ကြာသပတေးနေ့)
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ	-	ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၆၃/၁၆၇)ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
(ဂ)တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်	-	၁၇-၁၀-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီ
(ဃ) တင်ဒါပုံစံဖွင့်လှစ်မည့်နေရာ	-	ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၆၃/၁၆၇)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

၂။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး။ ဖုန်း-၀၁-၂၅၂၅၄၃၊ ၀၁-၃၇၂၃၀၉ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်တို့ကို ထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း တင်ဒါအမှတ်-၁(၂၀၁၉-၂၀၂၀)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မောင်တောခရိုင်မှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း /ပြင်ဆင်ထိန်းသိမ်းခြင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ် ငွေ)ဖြင့်ဝယ်ယူလိုပါသည်။

၁။	တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မောင်တောမြို့တွင် ၂၁-၁၀-၂၀၁၉ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။		
၂။	တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်	-	၂၈-၁၀-၂၀၁၉ရက် ညနေ ၄နာရီ
၃။	တင်ဒါဖွင့်မည့်ရက်/အချိန်	-	၂၉-၁၀-၂၀၁၉ရက် နံနက် ၉း၃၀နာရီ
၄။	တင်ဒါဖွင့်မည့်နေရာ	-	လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မောင်တောခရိုင်

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်(သို့)ဖုန်း-၀၄၃-၅၅၀၄၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

တင်ဒါယှဉ်ပြိုင်မည့်အချိန်ပြောင်းလဲခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်မှ သိုလှောင်ရုံ(၈)လုံး အားအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ၂၁-၈-၂၀၁၉ရက်နှင့် ၂၂-၈-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သည့် တင်ဒါယှဉ်ပြိုင်မည့်အချိန်ကို ၂၄-၉-၂၀၁၉ ရက်မွန်းလွဲ ၁နာရီအစား ၂၄-၉-၂၀၁၉ရက် နံနက် ၁၀း၃၀နာရီသို့ပြောင်းလဲကြောင်း၊ တင်ဒါစည်းကမ်းချက်များကို နံနက် ၉နာရီတွင် ရှင်းလင်းမည်ဖြစ်ပါကြောင်းနှင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ တရားဝင်မြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တည်နေရာနှင့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြိတ်မြို့နယ်(၆)ခန်းတွဲ(၄)ထပ်(၁)လုံး
(ခ) ပုလောမြို့နယ် (၆)ခန်းတွဲ(၄)ထပ်(၁)လုံး
(ဂ) ကျွန်းစုမြို့နယ် (၆)ခန်းတွဲ (၄)ထပ် (၁)လုံး
(ဃ) ကော့သောင်းမြို့၊ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ(၃)ထပ်တိုက်(၂)လုံး တံခါးမကြီး၊ ပြတင်းတံခါးများပြင်ဆင်ခြင်းလုပ်ငန်း
(င) ကော့သောင်းမြို့၊ ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ(၂)ထပ်(၁)လုံး ခေါင်မိုးနှင့်မျက်နှာကျက်ပြင်ဆင်ခြင်းလုပ်ငန်း
(စ) ထားဝယ်မြို့နယ်၊ ဆန်းချီဝန်ထမ်းအိမ်ရာစခန်းအတွင်း ဂါလန်(၅၀၀၀)ဆံ့ရေလှောင်ကန် Over Head (၁)လုံး၊ ရေစုကန်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း
(ဆ) ထားဝယ်မြို့နယ်၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာစခန်း ရေပေးဝေဖြန့်ဖြူးခြင်းအတွက် လိုအပ်သောဂါလန်(၁၀၀၀၀)ဆံ့ (Ground Tank) နှင့် ပိုက်သွယ်တန်းခြင်းလုပ်ငန်း
(ဇ) ထားဝယ်မြို့နယ်၊ ဆန်းချီဝန်ထမ်းအိမ်ရာဝင်းအတွင်း တိုက်-၂၇၊ ၂၈ ရှေ့လမ်းများအားမြေသားလမ်းခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း (၅၅၀'×၁၂'×၆")
(ဈ) မြိတ်မြို့၊ အိုးလုပ်ပြင်ကွင်းဝန်ထမ်းအိမ်ရာလမ်းခင်းခြင်း (၅၀၀'×၁၂'×၆")
(ည) ထားဝယ်မြို့နယ်၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာဝင်းအတွင်း တိုက်၂၄ရှေ့ ကွန်ကရစ်လမ်းခင်းခြင်း(၄၉၀'×၁၂'×၆")
(ဋ) ထားဝယ်မြို့နယ်၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာဝင်းအတွင်း (၃၄၀'×၁၂'×၆") ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း

၃။ တင်ဒါပုံစံများကို ၇-၁၀-၂၀၁၉ရက် နံနက် ၁၀နာရီတွင် စတင်ရောင်းချပြီး ၂၅-၁၀-၂၀၁၉ရက် ညနေ ၄နာရီနောက်ဆုံးတင်သွင်းရမည်ဖြစ်ပါ သည်။

၄။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၅၉-၂၀၂၃၈၆၅
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖခင် အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက(ကျောက်တံခါး)တက္ကသိုလ်ဝင်တန်း(J)မှ မရွှေအိမ်စည်၏ဖခင် ဦးဗိုလ်ကောက်၏ အမည်မှန်မှာ ဦးတေဇာ ၇/ကတခ(နိုင်)၀၁၆၆၇၆ ဖြစ်ပါကြောင်း။

ဦးတေဇာ

ဖခင်အမည်မှန်

ကျောက်ကြီးမြို့နယ်၊ အထက (နတ်သံကွင်း) တက္ကသိုလ်ဝင်တန်း(C) မှ မအိအိမွန် ၇/ကတခ(နိုင်) ၂၂၇၈၀၆ ၏ဖခင် ဦးကျော်ဆန်း၏ အမည်မှန်မှာ ဦးကျော်ဆန်းဦး ၇/ကတခ(နိုင်)၀၉၈၉၈၇ ဖြစ်ပါကြောင်း။

ဦးကျော်ဆန်းဦး

မိခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက (ခွဲ) (ထိန်တော) တက္ကသိုလ်ဝင်တန်း (B)မှ မမြင့်မြတ်သူ၏မိခင် ဒေါ်စော မြတ်မိုး၏အမည်မှန်မှာ ဒေါ်စောမြမိုး ၇/ဖမန(နိုင်)၂၀၈၆၂၉ ဖြစ်ပါကြောင်း။

ဒေါ်စောမြမိုး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ အထက တက္ကသိုလ်ဝင်တန်း(B)မှ မသဲအိဇော်၏ ဖခင်အမည်မှန် မှာ ဦးသန်းဇော်(ခ) ဦးသန်းဇော်ဦး ၇/ရတန(နိုင်) ၁၁၇၀၆၅ ဖြစ်ပါကြောင်း။

ဦးသန်းဇော်ဦး

မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ) ဥတ္တံတားကျောင်း အဋ္ဌမတန်း(A)မှ မဆောင်းနှင်းဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်သမီး ၁၀/ပမန(နိုင်)၁၀၂၁၂၉ ဖြစ်ပါကြောင်း။

ဒေါ်သမီး

မွေးသက္ကရာဇ်အမှန်

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဆားဖိုရပ်ကွက်နေ ဦးရွှေထိန်၏သား မောင်မင်းမင်း ၁၀/ပမန(နိုင်)၂၀၀၄၅၇ ၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၈-၆-၁၉၉၃ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-B)ထန်းကုန်း၊ ဦးပိုင်အမှတ်(၄၇-က/၂)၊ ဧရိယာ ၀ဒသမ၁၂ဧကရှိမြေကို ဒေါ်ကျင်ကျင်ဝင်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာထည့်သွင်းဖော်ပြပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့

အမည်မှန်နှင့်ဖခင်အမည်မှန်

မန်တုံမြို့နယ်၊ အထက အဋ္ဌမတန်းမှ မောင်ရဲနိုင်၏အမည်မှန်မှာ မိုင်းနိုင်ကျော်တင်ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဆမ်သောင်း ၁၃/နခန(နိုင်)၀၈၁၉၃၇ ဖြစ်ပါကြောင်း။

မိုင်းနိုင်ကျော်ထင်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမ အထကတက္ကသိုလ်ဝင်တန်းမှ မအိသူခိုင်၏ဖခင်အမည်မှန်မှာ သဲကုန်းမြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဝက်ပုတ်ရွာမရွာနေ ဦးအောင်ဇော်ဦး ၇/သကန(နိုင်) ၀၀၁၁၉၂ ဖြစ်ပါကြောင်း။

ဦးအောင်ဇော်ဦး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ အထက တက္ကသိုလ်ဝင်တန်း(C)မှ မစန်းသူဇာ၏ဖခင်အမည်မှန်မှာ ရွှေတောင်မြို့နယ် ကွင်းယားကြီးအုပ်စု ကျောက်ကွင်းရွာနေ ဦးဝင်းလှိုင် ၇/ရတန(နိုင်) ၀၅၀၈၀၆ ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)၂ တက္ကသိုလ်ဝင်တန်းမှ နန်းသဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးစောအခစ် ၃/ဘအန(နိုင်)၂၅၇၄၇၉ ဖြစ်ပါကြောင်း။

ဦးစောအခစ်

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)၂ တက္ကသိုလ်ဝင်တန်းမှ မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ၁၀/ဘလန(နိုင်)၀၇၀၉၄၁ ဖြစ်ပါကြောင်း။

ဦးစိုးလှိုင်

ကန့်ကွက်နိုင်ပါကြောင်း

လက်ပံတန်းမြို့နယ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ ၀ဒသမ၀၉၂ ဧကအနက်မှ တောင်ဘက်ခြမ်းဧရိယာ ၀ဒသမ၄၆ဧကရှိ ဒေါ်ခင်ကြည်အမည်ပေါက် မြေငှားဂရန်ကို မြို့မရပ်ကွက်၊ (၃)လမ်းတောင်ပိုင်းနေ ဒေါ်အေးအေးဝင်း(သား)မောင်စတားမင်းမှ မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်အေးအေးဝင်း(သား)
မောင်စတားမင်း

ကန့်ကွက်နိုင်ပါကြောင်း

လက်ပံတန်းမြို့နယ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ ၀ဒသမ၀၉၂ ဧကအနက်မှ မြောက်ဘက်ခြမ်းဧရိယာ ၀ဒသမ၄၆ဧကရှိ ဒေါ်ခင်ကြည်အမည်ပေါက် မြေငှားဂရန်ကို မြို့မရပ်ကွက်၊ (၃)လမ်းတောင်ပိုင်းနေ ဦးအောင်နိုင်ဝင်း(ဇနီး) ဒေါ်အေးအေးသင်းမှ မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအောင်နိုင်ဝင်း(ဇနီး)
ဒေါ်အေးအေးသင်း

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ လင်းလက်ကြယ်စင်ဟိုန်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးအေးငြိမ်း၏ဖခင်အမည်မှန်မှာ ဦးထွန်းကြွယ် ၉/မမန(နိုင်)၀၇၀၆၃၈ ဖြစ်ပါကြောင်း။

ဦးထွန်းကြွယ်

မိဘအမည်မှန်

ရွှေဘိုမြို့၊ အထက(ခွဲ)အလက (၁) တက္ကသိုလ်ဝင်တန်း(A)မှ မစိမ့်စိမ့်သဲ၏မိဘအမည်မှန်မှာ ဦးဇော်ညွန့် ၅/ရဘန(နိုင်)၀၈၅၂၃၄ နှင့် ဒေါ်ခင်ထား ၅/ရဘန(နိုင်)၀၈၅၃၁၇ ဖြစ်ပါကြောင်း။

ဦးဇော်ညွန့်-ဒေါ်ခင်ထား

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/၂)၊ မြေကွက်အမှတ်(၃၇၊ ၃၈၊ ၃၉)၊ ဧရိယာ(၀ဒသမ၀၅၀)ဧကကို ဒေါ်ခင်အေးကြူ(ဘ)ဦးကျင်ရှိန် ၉/တကန(နိုင်)၀၉၈၁၀၂မှ ကျမ်းကျိန်လွှာအမှတ်(၁၆၆၄/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မှုရင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)၂ တက္ကသိုလ်ဝင်တန်းမှ မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ၁၀/ဘလန(နိုင်)၀၇၀၉၄၁ ဖြစ်ပါကြောင်း။

ဦးစိုးလှိုင်

မွေးသက္ကရာဇ်အမှန်

ဘားအံမြို့၊ အထက(ဝင်းဒရယ်) တက္ကသိုလ်ဝင်တန်း(B)မှ မပြည့်သီတာထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၁၀-၂၀၀၂) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဖလံတမြို့၊ အမှတ်(၁) အထက တက္ကသိုလ်ဝင်တန်းမှ မသက်သက်လွင် (ကျောင်းဝင်အမှတ်-၃၃၇၄၆) ၏ဖခင်အမည်မှန်မှာ ဦးဆန်းလင်းကျော် ၁၄/ဟသတ(နိုင်) ၂၁၃၉၈၀ ဖြစ်ပါကြောင်း။

ဦးဆန်းလင်းကျော်

ဖခင်အမည်မှန်

ဟင်္သာတမြို့၊ အမှတ်(၃) အထက တက္ကသိုလ်ဝင်တန်းမှ မမြတ်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးညိမ်း ၁၄/ဟသတ(နိုင်) ၀၆၈၅၅၁ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4918 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ဃ/၅၈၃၉၂ WSC 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းထွန်း ၁၄/ဟကက(နိုင်) ၀၂၇၇၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး (ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၀၇/က-A)၊မြေကွက်အမှတ်(၂)၏အစိတ်အပိုင်း၊၀·၄၇ဧကအနက်၀·၀၃၀ဧက၊မြေကွက်တည်နေရာအမှတ်(၅/၁)၊သုခလမ်းနှင့်မဇ္ဈိုသက္ကလမ်းထောင့်၊ပေါက်ကုန်းရပ်ကွက်အပိုင်(၅)၊မင်္ဂလာဒုံမြို့နယ်၊အမည်ပေါက်အစိုးရ၊မြေအမျိုးအစား-ပြည်သူ့အိုးအိမ်အဖွဲ့၊မြေနှင့်အခွန်ဌာန၊စာအမှတ်-၆၄/ဥတ-၁၇/၆၃၊နေ့စွဲ(၃၁-၅-၆၅)အရသိမ်းဟုမှတ်သားထားသည့်မြေအား(၉-၂-၂၀၁၀)ရက်စွဲဖြင့်အရောင်းအဝယ်စာချုပ်၊ပေါက်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်မင်္ဂလာဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့မှရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်၊လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှထုတ်ပေးသောအိမ်ထောင်စုစာရင်း၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ပေးဆောင်ရသည့်သန့်ရှင်းရေးဆောင်ရွက်ခ၊ရေဖိုးပြေစာနှင့်ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ပေးဆောင်ရသည့်ဓာတ်အားခတောင်းခံလွှာတို့ကိုတင်ပြ၍ဒေါ်နီလာရွှေ(၁၂/မဂဒ(နိုင်)၀၇၉၃၅၇)မှနှစ်(၆၀)ဂရန်လျှောက်ထားရာမြေချပါမစ်စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ဝက်ပုတ်အထကတက္ကသိုလ်ဝင်တန်းမှ မအေးအေးနွယ်၏ဖခင်အမည်မှန်မှာ သဲကုန်းမြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဝက်ပုတ်ဈေးတန်းနေ ဦးစိုးလှိုင် ၇/သကန(နိုင်)၀၂၄၂၉၃ ဖြစ်ပါကြောင်း။

ဦးစိုးလှိုင်

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊ အထကကြက်တူရွေး တက္ကသိုလ်ဝင်တန်း(D)မှ မနှင်းဝေဇင်၏ဖခင်အမည်မှန်မှာ ဦးသန့်ဇင် ၁၄/ဟသတ(နိုင်)၂၈၀၅၈၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊ အထက(၁) နဝမတန်း(A) မှ မနှင်းချယ်ရီအောင်၏ဖခင်အမည်မှန်မှာ ဦးဟိဏ်းကျော်ဇော ၁၄/ဟသတ(နိုင်)၂၃၆၇၂၆ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊ အထက ကြက်တူရွေး တက္ကသိုလ်ဝင်တန်း(C)မှ မအိမွန်ကျော်၏မိခင်အမည်မှန်မှာ ဒေါ်နှင်းလှိုင် ၁၄/ဟသတ(နိုင်)၁၀၈၅၉၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့၊ ရှောလီပိုင်းရပ်ကွက်၊ မြေကွက်အမှတ် N/၁၄၉/၁၊ ဦးပိုင်အမှတ် N/၁၃၇ မြေကွက်လပ်ပေါ်တွင် ဦးတင်ညွန့် ၉/မကန(နိုင်) ၀၀၆၂၆၉မှ ကားဂိုဒေါင်ဆောက်လုပ်ရန် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြလာသဖြင့် ကန့်ကွက်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၃၀ရက်အတွင်း အမှုဆောင်အရာရှိထံသို့ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆောက်အအုံဆောက်လုပ်ခွင့်အား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမှုဆောင်အရာရှိ
မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့

